မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၂၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၃၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ၏ လွှတ်တော် လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ တတိယနေ့တွင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်ကော်မတီဝင်များ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မေ ၂၅

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ တတိယနေ့ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရုံးခန်းမ၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၃ ❐

မူလတန်း ကျောင်းသားကျောင်းသူ ငါးသန်းကျော်အတွက် နိုင်ငံတော်မှ ငွေကျပ်သန်း(၂၄၀၀)ဖိုး ကျောင်းသုံးစာအုပ်များ အခမဲ့ဖြန့်ဝေပေးမည်

ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးဆောင်ရွက်

အမှာစကား ပြောကြား

အမျိုးသားပညာရေး ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပညာရေး ဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် နေပြည်တော် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၅

၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် အသက် (၅)နှစ်ပြည့်ပြီး ကလေးဦးရေ၏ ၉၁ ရာခိုင်နှုန်းသာ သူငယ်တန်းသို့ ဝင်ရောက်ခဲ့ရာမှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် သူငယ်တန်းကျောင်းဝင်နှုန်းသည် ၉၈ ဒသမ ၃၇ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ အခမဲ့ မူလတန်းပညာရေးစနစ်မှ မသင်မနေရ မူလတန်းပညာရေးစနစ်သို့ တက်လှမ်းနိုင်ရေးအတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစပြီး မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ငါးသန်းကျော်အတွက် နိုင်ငံတော်က ငွေကျပ်သန်း ၂၄၀၀ တန်ဖိုးရှိသည့် မူလတန်းအဆင့် ကျောင်းသုံးစာအုပ်များ အခမဲ့ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ကျင်းပသော ပညာရေးဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် နေပြည်တော် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် အခမ်းအနား၌ အမျိုးသားပညာရေးကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းနေရေးလုပ်ငန်းများတွင် ကိုယ်အား၊ ဉာဏ်အား၊ ငွေကြေး၊ ပစ္စည်းအင်အားဖြင့် ပူးပေါင်းပါဝင်ခဲ့ကြသည့် *စာမျက်နှာ ၈ ကော်လံ ၁* ✻

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၁၁ ခုနှစ် မေ ၂၆ ရက်)

ရေထွက်ကုန်ပစ္စည်းများ ပြည့်စုံကြွယ်ဝရေး ရေသယံဇာတပစ္စည်းများ စနစ်တကျအသုံးချ

ကမ္ဘာပေါ်တွင် တစ်နေ့တခြား လူဦးရေတိုးတက်များပြားလာသည့်အလျောက် လူတို့နေ့စဉ်စားသုံးရန်အတွက် စားနပ်ရိက္ခာသည်လည်း ပိုမိုလိုအပ်လာလျက်ရှိသည်။ စားနပ်ရိက္ခာပြည့်စုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို နိုင်ငံတိုင်းက တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။

မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးမြေများ တိုးချဲ့လုပ်ကိုင်ခြင်း၊ မြေလွတ်မြေရိုင်းများ ဖော်ထုတ်၍ စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ခြင်း၊ ရေချိုရေငန် ငါးပုစွန်များတိုးချဲ့ ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် သဘာဝအလျောက်ဖြစ်တည်နေသည့် မြစ်၊ ချောင်း၊ ပင်လယ်တို့ကို ပိုင်ဆိုင်ထားသဖြင့် ရေထွက်ကုန်ပစ္စည်းများ ပြည့်စုံလျက်ရှိသည်။ အင်း၊ အိုင်၊ မွေးမြူရေးကန်များကိုလည်း တိုးချဲ့ဆောင်ရွက်လုပ်ကိုင်ခဲ့သဖြင့် ရေထွက်ကုန်ပစ္စည်းများသည် ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့ပင် တင်ပို့နိုင်ခဲ့သည်။

ရေထွက်ပစ္စည်းများ ထုတ်လုပ်မှုကို အဓိကအားထားရလျက်ရှိသော တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀၁၀-၂၀၁၁ ခုနှစ်၌ ရေထွက်ပစ္စည်းထုတ်လုပ်မှု လျာထားချက်အပေါ် ၁၁၈ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်ထုတ်လုပ်နိုင်ခဲ့သည်။

နိုင်ငံတော်၏ ရေသယံဇာတများ လျော့နည်းမျိုးသုဉ်းမှုမရှိစေရေးအတွက်လည်း ဂေဟာစနစ်ကြီးထဲတွင်ပါဝင်နေသော သဘာဝပတ်ဝန်းကျင်ဖြစ်သည့် ဒီရေတောများ၊ သန္တာကျောက်တန်းများ၊ ပင်လယ်မြက်ခင်းများ၊ ကျွန်းများကိုလည်း ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ပင်လယ်မြစ်ချောင်းများနှင့် နီးစပ်ရာဒေသများတွင်လည်း သဘာဝရေပြင်သို့ နှစ်စဉ်ရေချိုရေငန် ငါး၊ ပုစွန်များ မျိုးစိုက်ထည့်ပေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ တစ်နိုင်ငံလုံး၏ စားနပ်ရိက္ခာများ ဖူလုံစွာစားသုံးနိုင်ရေးနှင့် ငါးသယံဇာတများ မျိုးမပြုန်းတီးရေးအတွက် ရေသယံဇာတပစ္စည်းများကို စနစ်တကျအသုံးချသွားခြင်းဖြင့် ရေထွက်ကုန်ပစ္စည်းများ အစဉ်ထာဝရ ပြည့်စုံကြွယ်ဝနေမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၅

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကင်မ်ပေးယွန်သည် ယမန်နေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ချစ်ကြည်ရေးအားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်ယှဉ်ပြိုင်ရေး၊ နည်းစနစ်များဖလှယ်ရေးနှင့် အားကစားအဖွဲ့အချင်းချင်းပူးတွဲ၍ လေ့ကျင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြု

ပခုက္ကူ မေ ၂၅

ပခုက္ကူမြို့နယ်အတွင်းရှိ ကြက်ခြေနီ မောင်၊ မယ်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၈ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ အထက (၂) ပိတောက်ခန်းမဆောင်၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးတို့က အမှာစကားပြောကြားကြပြီး ကမ္ဘာ့ကြက်ခြေနီနေ့ သဝဏ်လွှာကို မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာနင်းကေခိုင်ဦးက ဖတ်ကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပခုက္ကူခရိုင်ကြက်ခြေနီ ဦးစီးမှူး (ဒုတိယတန်း) ဦးသိန်းအောင်က ကြက်ခြေနီလုပ်ငန်းစဉ်အကြောင်း ရှင်းလင်းပြောကြားပြီး ကြက်ခြေနီ စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးကလည်းကောင်း၊ ဒေသအကျိုးစွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးကြသည့် ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက လည်းကောင်း ဂုဏ်ပြုဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (၁၀၂)

သစ်တောချစ်သူများအသင်း မူဆယ်မြို့နယ်၌ ဖွဲ့စည်း

မူဆယ် မေ ၂၅

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာတွင် ပြည်သူများမှ ထိထိရောက်ရောက်ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ မူဆယ်မြို့နယ် ပန်ဆိုင်း (ကြူကုတ်) မြို့နယ်၊ နမ့်တောင်းကျေးရွာတွင် သစ်တောချစ်သူများအသင်းဖွဲ့စည်းခြင်း အခမ်းအနားကို မေ ၂၂ ရက်က ကျင်းပရာ ပန်ဆိုင်း(ကြူကုတ်) မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မူဆယ်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးနိုင်နိုင်ထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာတွင် ပြည်သူများမှပူးပေါင်းပါဝင်သင့်ကြောင်း ဟောပြောဆွေးနွေးသည်။ **(အောက်ဝဲပုံ)** ထို့နောက် အလှူရှင်တစ်ဦးက သစ်တောဥပဒေစာအုပ်နှင့် အသင်းအတွက် မတည်ငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးဘောက်ဒင်နှင့် ဒုတိယဥက္ကဋ္ဌတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် ဖုံးလွှမ်းစေရမည်

မြေတိုင်းသင်တန်း တိုက်ကြီး၌ဖွင့်

ရန်ကုန် မေ ၂၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန အရာရှိမြေတိုင်းသင်တန်းအမှတ်စဉ် (၅/၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို မေ ၁၅ ရက် နံနက်ပိုင်းက တိုက်ကြီးမြို့ ဗဟိုမြေစာရင်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတွင် ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်ခဲ့

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၅ ဦးတက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြေစာရင်းဦးစီး)**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်အတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မေ ၂၂ ရက်က အမှတ် (၆) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဦးနှင့် ရပ်ကွက်ပြည်သူများ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (မြန်မာ့အလင်း)

မိုးရာသီ သစ်ပင်စိုက်ပျိုးရာ၌ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်

စိုက်သမျှသစ်ပင်များ ရှင်သန်ဖြစ်ထွန်းရေး ကြိုးတင်ပြင်ဆင်ဆောင်ရွက်

နေပြည်တော် မေ ၂၅

၂၀၁၁ခုနှစ် မိုးရာသီကာလတွင် နိုင်ငံအဝန်း လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးရေးကို သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် စီမံချက်ရေးဆွဲ အကောင်အထည် ဖော်လျက်ရှိရာ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများဖြစ်သည့် မြေပြုပြင်ခြင်းလုပ်ငန်းများ၊ သစ်ပင်ပျိုးထောင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

လှည့်လည်ကြည့်ရှု

သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းသည် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးရေးအတွက် ကြိုတင်ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မေ ၂၃ ရက်တွင် ပဲခူးမြို့နယ် သစ်တောဦးစီးဌာန ဝါးကတုတ်ပျိုးဥယျာဉ်(**အပေါ်ပုံ**)၌ ပျိုးပင်များ ပြုစုပျိုးထောင်ထားမှုကိုလည်းကောင်း၊ မေ ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ကောင်းမှုတော် သစ်တောပျိုးဥယျာဉ်၌ မင်းဝံတောင်တန်း စိမ်းလန်းစိုပြည်ရေး၊ ကျေးလက်အိမ်ရာ ထူထောင်ရေးတို့အတွက် တစ်ရွာ တစ်ဧက တစ်အိမ်ထောင် ကျွန်းသုံးပင်၊ ယူကလစ်အပင် (၂၀) စိုက်ပျိုးရန်နှင့် လမ်းဘေးဝဲ/ယာ အရိပ်ရပင်များ စိုက်ပျိုးရန် သစ်ပင်မျိုးစုံ တစ်သိန်း လေးသောင်းကျော် ပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ သစ်တောဦးစီးဌာန၏ ပံ့ပိုးမှုဖြင့် ဖြန့်ဝေစိုက်ပျိုးထားသော စစ်ကိုင်းမြို့နယ် ရွာသစ်ကျေးရွာနှင့် ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာတို့၌ ကျေးလက်အိမ်ရာထူထောင်ရေးအတွက် စိုက်ပျိုးထားသော တစ်ရွာ တစ်ဧက စိုက်ခင်းနှင့် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ ယူကလစ်အပင်(၂၀) စိုက်ပျိုးထားရှိမှု၊ ချောင်းဦးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ရေပိုးစား ပျိုးဥယျာဉ်ရှိ သစ်ပင်မျိုးစုံ ပျိုးထောင်ထားရှိမှုနှင့် ပျိုးဥယျာဉ်အနီး နတ်ရေကန် ကာကွယ်တောအတွင်း ၂၀၁၀ခုနှစ် မိုးရာသီက စိုက်ပျိုးထားသော ကျေးရွာသုံး စိုက်ခင်း (၂၂၅) ဧက တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့သည် မုံရွာမြို့နယ် ဗောဓိတထောင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆွေးနွေးမှာကြား

ယင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၁ ခုနှစ် မိုးရာသီကာလတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးရာ၌ ဒေသခံပြည်သူများ အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေး၊ စိုက်သမျှသစ်ပင်များ ရှင်သန်ဖြစ်ထွန်းရေး၊ ထို့အပြင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအတွက် တည်နေရာရွေးချယ်ခြင်း၊ မြေပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ထားရေး၊ တောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ရာတွင် သက်တမ်းရင့်ပျိုးပင်ကြီးများဖြင့် စိုက်ပျိုးမည့်ကျင်းများအတွင်း သဘာဝမြေဩဇာများ အစားထိုး ထည့်သွင်း၍ စိုက်ပျိုးရေး၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ထင်း၊ တိုင်၊ မျောစသည်တို့ ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တည်ထောင်ထားရှိသည့် သတ်မှတ်ကာလပြည့်မီပြီးဖြစ်သော ကျေးရွာသုံးစိုက်ခင်းများအား ဒေသခံများ စနစ်တကျ အသုံးချနိုင်ရန် စီမံခန့်ခွဲပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	**ခန့်ထားသည့် ရာထူး၊ ဌာန**
(၁)	ဦးဟောက်ဒိုဆွမ်း ဒုတိယညွှန်ကြားရေးမှူးချုပ် နိုင်ငံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် နိုင်ငံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(၂)	ဦးအောင်ဇော်ဝင်း အထွေထွေမန်နေဂျာ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးဦးသိန်းထိုက်အား တရုတ်နိုင်ငံမှ ဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၅

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Henan Economic Chamber of Commerce ဒုတိယဥက္ကဋ္ဌ Mr.Wang Laisheng နှင့်အဖွဲ့သည် မေ ၂၄ ရက် ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပြီး ဓာတ်သတ္တုကဏ္ဍ ရင်းနှီးမြှုပ်နှံမှုနှင့် တူးဖော်ထုတ်လုပ်မှုဆိုင်ရာကိစ္စများ ပူးပေါင်းဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Henan Economic Chamber of Commerce ဒုတိယဥက္ကဋ္ဌ Mr.Wang Laisheng နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝေအား ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ်ခန့်အပ်

နေပြည်တော် မေ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝေအား ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ကြီးကြပ်ဆောင်ရွက်

သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မေ ၁၉ ရက်က မြို့အဝင်ဆိုင်းဘုတ်ပန်းခြံ သန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်နိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၅-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **မဂ္ဂင်ရှစ်ဖော်ယာဉ်ပျံတော်** တရားတော် (ဆရာတော် အရှင်တေဇနိယ)
- ၆:၃၅ မေတ္တာတရားနဲ့အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၅)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၃)
- ၈:၅၀ မြန်မာနိုင်ငံ၏တစ်ဆူတည်းသော တမုတ်ချဉ်ပင်ရွှေဂူကြီးဘုရား
- ၉:၀၀ နိုင်ငံခြားတွင်ပညာသင်ကြားရေး အတွက်အထောက်အကူပြုမည့် STUDY ABROAD
- ၉:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Living Product Expo 2011 မှ eKo Office Solution)
- ၉:၃၅ အကျဉ်းဦးစီးဌာန၏ စတုတ္ထ အကြိမ်မြောက် ပဗ္ဗဇ္ဇအလှူ
- ၉:၅၅ ရန်ကုန်မြင်ကွင်းကျယ် (ကြည်နူးဖွယ်ရာ သိင်္ဂါထပ် ရှင်ပြုအလှူတော်မင်္ဂလာ)
- ၁၀:၁၀ အထက(၁) လပွတ္တာဒုတိယအကြိမ် မြောက် မြတ်ဆရာပူဇော်ပွဲ
- ၁၀:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁:၀၀ The Champion of Dance
- ၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၅ မြန်မာနေရှင်နယ်ဖူဆယ်လိဂ်ပြိုင်ပွဲ အား ဝင်ရောက်ယှဉ်ပြိုင်မည့် Yangon City F.C
- ၁၂:၂၀ Activities in the City "D" Olympic အားကစားပစ္စည်း ဆိုင်သစ်ဖွင့်ပွဲအခမ်းအနား
- ၁၂:၄၀ စံတော်ဝင်မြေဇင်းတောရဓမ္မရိပ်သာ (မိုးကုတ်မြို့)
- ၁:၀၅ **မဂ္ဂင်ရှစ်ဖော်ယာဉ်ပျံတော်** တရားတော် (ဆရာတော် အရှင်တေဇနိယ)
- ၁:၅၀ ဖူးရောက်စေချင်သည် ဗန္ဓိတေလာ ဆံတော်ရှင်စေတီတော်ကြီးဆီ
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Quiz Idol
- ၃:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၅)
- ၄:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၃)
- ၅:၁၅ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ ပထမအကြိမ်နည်းပညာဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ
- ၅:၄၀ Welcome to KABAR AYE SONY SHOWROOM
- ၅:၅၀ ရန်ကုန်မြင်ကွင်းကျယ် (Model Pharma Co.,Ltd. ၏ ဆေးပစ္စည်းသစ်မိတ်ဆက်ပွဲ)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၆)
- ၇:၀၀ Style ရှိမှ Star ဖြစ်မယ်
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း **(မြန်မာဆန်တာကောင်းတယ်၊ ဗိုလ်ဆန်တာကောင်းတယ်)**
- ၉:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၄)
- ၁၀:၂၀ အားကစားမြင်ကွင်းစုံ
- ၁၀:၄၅ **ဖွားချို** စံရှားတင်၊ဝါးခယ်မရဲမောင် [ဒါရိုက်တာ-ခင်ဇော်(ကေသီပန်)]
- ၁၁:၀၀ အနုပညာမိုးကောင်းကင်
- ၁၁:၂၀ သူဌေးချောင်း၏ရေအလျဉ်… လျှပ်စစ်စွမ်းအားဂုဏ်အသွင်
- ၁၁:၃၀ ဂီတသရုပ်ပြခန်း [ဇင်မင်းခန့် (NG2K ဖီးနပ်(စ်)နဲ့ အချစ်)]
- ၁၂:၀၅ ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
- ၁၂:၂၀ ဓာတ်ပုံထဲမှအမှတ်တရများ (အိဖြိုးချယ်ရီ)
- ၁၂:၅၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (စိတ်အပန်းဖြေစရာအလှမွေးငါးကမ္ဘာ)
- ၁:၀၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာရူပါရွှေ)
- ၁:၂၀ နာတာရှည်ကျောက်ကပ်အလုပ်မလုပ် (သို့)အားနည်းရောဂါအကြောင်း (ပါမောက္ခဒေါက်တာခင်မောင်ဌေး)
- ၁:၄၅ လုပသစ်ဆန်းအလှပြင်ခန်း (Art & T8)
- ၂:၂၀ Shooting Location (ဦးမောင်မောင်ကြီးအိမ်)
- ၂:၃၀ **2D** ရဲတိုက်၊နေဇင်အောင်အောင်၊ ကေကေမိုးမြင့်၊ဇင်ချိုခိုင်ဦး၊ဝတီ (ဒါရိုက်တာ-Nova)
- ၂:၅၀ ဖန်တီးသူတို့ကမ္ဘာ
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ ဒို့တိုင်းဌာနီဧရာဝတီ (ကြီးမားဖွံ့ထွားဧရာဝတီရဲ့ငါး)
- ၄:၃၀ ရဲယိုနှင့်ကျန်းမာရေး
- ၄:၄၀ ဖူးမြော်စေချင်… ထားဝယ်မြို့မှရှင်ကိုးရှင်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အာဖဂန်လုံခြုံရေးတပ်ဖွဲ့အင်အား လျင်မြန်စွာတိုးတက်များပြားလာ

ကဘူးလ် မေ ၂၅

အာဖဂန်နစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်ဦးရေသည် ယခုအခါ ရဲတပ်ဖွဲ့နှင့် စစ်တပ်အင်အား အပါအဝင် ၂၉၀၀၀၀ အထိ ရောက်ရှိလာရာ ၁၈လအတွင်း ၅၀ ရာခိုင်နှုန်းကျော်တိုးမြင့်လာခြင်းဖြစ်ကြောင်း မြောက်အတ္တလန္တိတ်စာချုပ်(နေတိုး)အကြံပေးအရာရှိ ဂျက်ကင်းက မေ ၂၄ ရက်၌ ပြောကြားလိုက်သည်။

ရောက်ရှိလာ

၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် နေတိုးလေ့ကျင့်သင်တန်းပေးမှုများ စတင်သည့်အချိန်၌ အာဖဂန်နစ္စတန်စစ်တပ်အင်အားမှာ ၉၇၀၀၀ သာရှိခဲ့ရာမှ ၁၆၄၀၀၀ အထိ တိုးလာကြောင်း၊ ရဲတပ်ဖွဲ့ဝင်ဦးရေမှာ ၉၅၀၀၀ ရှိခဲ့ရာမှ ယခုအခါ ၁၂၆၀၀၀ အထိ တိုးလာကြောင်း၊ ယခုနှစ်ကုန်တွင် ၁၃၄၀၀၀ အထိ တိုးတက်ရောက်ရှိသွားနိုင်ကြောင်း ၎င်းကပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်၌ ဗုံးများပေါက်ကွဲ၊ လူ ၁၄ ဦးသေဆုံး

ကန်ဒါဟာ မေ ၂၅

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် မေ ၂၄ ရက်က လမ်းအလုပ်သမားများတင်ဆောင်မောင်းနှင်လာသည့် ကုန်တင်ကားတစ်စီး လမ်းဘေးဗုံးဖောက်ခွဲခံရကြောင်း၊ ဗုံးပေါက်ကွဲမှုတွင် သေဆုံးသူ ၁၀ ဦးရှိပြီး ၃၀ ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်အရာရှိများက ပြောကြားသည်။

ဖြစ်ပွား

ယင်းဗုံးပေါက်ကွဲမှုသည် ကန်ဒါဟာပြည်နယ်၏ အနောက်တောင်ပိုင်းတွင်ရှိသည့် ပန်ဂျဝါရီခရိုင် ကျေးရွာတစ်ရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အာဖဂန်နစ္စတန် လက်မန်ပြည်နယ် အရှေ့ပိုင်း၌ မေ ၂၃ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြန်ရာ လူလေးဦး သေဆုံးသွားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(ယာပုံ)**

အလီရှန်းခရိုင်ရှိ ဈေးတစ်ဈေးတွင် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီဝန်းကျင်၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီး ယင်းဗုံးပေါက်ကွဲမှုကြောင့် လေးဦးသေဆုံးကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဖာရီဒူလာနီယာဇီက ပြောကြားသည်။

ဒဏ်ရာရ

ယခုဗုံးပေါက်ကွဲမှုမှာ အသေခံဗုံးဖောက်ခွဲမှုဖြစ်ကြောင်း၊ သေဆုံးသူလေးဦးမှာ အရပ်သားများဖြစ်ကြပြီး ဒဏ်ရာရရှိသူလည်း ၁၄ ဦးရှိကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်၌ တိုက်ခိုက်မှုများကြောင့် ၁၂ ဦးသေဆုံး၊ ၄၄ ဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၂၅

အီရတ်နိုင်ငံတစ်ဝန်း မေ ၂၄ ရက်က အကြမ်းဖက်မှုများတွင် အနည်းဆုံးလူ ၁၂ ဦးသေဆုံးပြီး ၄၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မေ ၂၅ ရက်က ထုတ်ပြန်သော သတင်းတွင်ဖော်ပြပါရှိသည်။ **(အောက်ဝဲပုံ)**

ဘဂ္ဂဒက်မြို့တော်အတွင်း၌ မေ ၂၄ ရက်က ဗုံးခွဲမှုကြောင့် လူ ၁၀ ဦးဒဏ်ရာရရှိပြီး ရဲမှူးကြီးတစ်ဦး ပစ်သတ်ခံရသည်။ ယင်းနေ့၌ပင် ဘဂ္ဂဒက်မြို့လယ်၌ ဗုံးခွဲမှုကြောင့် အငှားကားယာဉ်မောင်းတစ်ဦးသေဆုံးပြီး ခရီးသည်များ ဒဏ်ရာရရှိခဲ့သည်။

ပျက်စီးသွားခဲ့

မိုဆူးလ်မြို့တွင် လမ်းဘေးဗုံးခွဲမှုကြောင့် ခြောက်ဦး ဒဏ်ရာရသည်။ ယင်းမြို့အခြားတစ်နေရာတွင် ထိုနေ့ နံနက်စောစောက ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဈေးဆိုင် ၁၃ ဆိုင် ပျက်စီးသွားခဲ့သည်။

နှစ်ဦးသေဆုံး

ယင်းမြို့၌ သေနတ်သမားပစ်ခတ်၍ နှစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားသည်။ ယမန်နေ့က အာဘူဂါရိတ်မြို့၌ ပေါက်ကွဲမှုဖြစ်စဉ်တွင် တစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားသည်။ ရပ်တာအရပ်၌ ရဲတပ်ဖွဲ့ဝင်တစ်ဦး ပစ်သတ်ခံရသည်။ ဘူရစ်မြို့၌ လမ်းဘေးဗုံးပေါက်၍ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ ကွမ်မြို့၌လည်း စစ်ဆေးရေးဂိတ် စစ်ဆေးစဉ် ပစ်ခတ်ခံရပြီး တစ်ဦးဒဏ်ရာရခဲ့သည်။

တစ်ဖန် ရာဝစ်မြို့တွင် ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာရခဲ့သည်။ တပ်ခ်ရိမာတိုမြို့၌လည်း ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဗိုလ်မှူးကြီးတစ်ဦးနှင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားသည်။ ရီယာဒ်မြို့တွင် အမျိုးသမီးတစ်ဦး ပစ်သတ်ခံရမှုကြောင့် သေဆုံးခဲ့သည်။ **(အင်တာနက်)**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် မေ ၂၅

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မေ ၂၅ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ **၇၀၅၉၁၄** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ **၁၂၇၈၇၄၈** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၅၉၁၄ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၈၇၄၈ ဦး

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် မေ ၂၅

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မေ ၂၅ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူ ဦးရေမှာ **၃၃၉၀၆** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ **၄၁၄၀၃** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၉၀၆ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၄၀၃ ဦး

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် —— စုစည်းသည်

မလေးရှား၌ နွားနို့ကြောင့် ကလေးငယ် ၄၂ ဦး အစာအဆိပ်သင့်

ကွာလာလမ်ပူ မေ ၂၅

မလေးရှားနိုင်ငံ ဘန်ဒါဂျန်ကာမြို့ရှိ စာသင်ကျောင်း တစ်ကျောင်း၌ မေ ၂၄ရက်က နွားနို့များ သောက်ပြီးနောက် ကျောင်းသား ကျောင်းသူ ၄၂ ဦး အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း မလေးရှားအရာရှိများက မေ ၂၅ ရက်၌ ပြောကြားသည်။

ဆေးကုသမှုခံယူ

အဆိုပါ စာသင်ကျောင်းမှ တိုက်ကျွေးသော နွားနို့များကို သောက်သုံးခဲ့ကြသည့် ရှစ်နှစ်၊ ၁၁ နှစ်နှင့် ၁၂ နှစ်အရွယ် ကျောင်းသား ကျောင်းသူလေးများ မူးဝေ၊ အော့အန်မှုဖြစ်ပွားခဲ့ရာ ဘန်ဒါဂျန်ကာမြို့ ဆေးရုံသို့ တင်ပို့ကာ ဆေးကုသမှုခံယူခဲ့ရသည်။

စုံစမ်းစစ်ဆေး

ကျောင်းသား ကျောင်းသူများ၏ အသက်အန္တရာယ် စိုးရိမ်ရမှုမရှိကြောင်း၊ မည်သည့်အတွက်ကြောင့် နွားနို့သောက်ပြီး အစာအဆိပ်သင့်မှု ဖြစ်ပွားရသည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ (အင်တာနက်)

အိန္ဒိယနိုင်ငံ မြောက်ပိုင်း၌ လှေတိမ်းမှောက် လေးဦးသေ ၁၁ဦးပျောက်ဆုံး

နယူးဒေလီ မေ ၂၅

အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်း ဂန်ဂျက်မြစ်အတွင်း မေ ၂၄ ရက်က ကူးတို့ယာဉ်တစ်စင်း တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လေးဦး ရေနစ်သေဆုံးပြီး ၁၁ ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း ပြည်တွင်းမီဒီယာများက မေ ၂၅ရက်၌ ဖော်ပြသည်။

ပျောက်ဆုံး

ထိုကူးတို့ယာဉ်သည် ခရီးသည် ၂၅ဦး တင်ဆောင်ထားခြင်းဖြစ်ရာ ကယ်ဆယ်ရေးအဖွဲ့မှ ခရီးသည် ၁၀ ဦးအား ကယ်ဆယ်နိုင်ခဲ့ပြီး ရေနစ်သေဆုံးသူ လေးဦးအား ရှာဖွေတွေ့ရှိခဲ့သည်။ ၁၁ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။ ထိုပျောက်ဆုံးသူများအား ကယ်ဆယ်ရေးအဖွဲ့မှ ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ပါကစ္စတန်ရှိ ရဲစခန်းတစ်ခုအား ဗုံးခွဲတိုက်ခိုက်

ပက်ရှ်ဝါ မေ ၂၅

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့အနောက်မြောက်ပိုင်းရှိ ရဲတပ်ဖွဲ့စခန်းကို မေ ၂၅ ရက် နံနက်ပိုင်းက အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ခြောက်ဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

တိုက်ခိုက်

ဖြစ်ပွားမှုမှာ ဗုံးများအပါအဝင် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ အလေးချိန် ၂၅၀ ကီလိုဂရမ်ခန့်တင်ဆောင်ထားသော ထရပ်ကားတစ်စီးဖြင့် သုံးထပ်အဆောက်အအုံရဲစခန်းအတွင်း မောင်းဝင်ကာ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ထိုသို့ဗုံးခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်ကိုးဦးနှင့် ကလေးငယ်တစ်ဦး အပါအဝင် ၂၃ ဦး ဒဏ်ရာရရှိခဲ့သည်။ ဗုံးခွဲတိုက်ခိုက်ချိန်မှာ မေ ၂၅ ရက် နံနက် ၄ နာရီ ၃၈ မိနစ်ခန့်ကဖြစ်ကြောင်း၊ တာလီဘန်အကြမ်းဖက်တိုက်ခိုက်ရေးသမားများ၏လက်ချက်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

မေ ၂၃ရက်က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၂၈) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(သတင်းဖော်ပြပြီး)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဆွီဒင်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဗန်ကောက်မြို့အခြေစိုက် ဆွီဒင်နိုင်ငံ သံအမတ်ကြီး H.E. Mr. Lennart Linner နှင့် အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဗန်ကောက်မြို့အခြေစိုက် ဆွီဒင်နိုင်ငံသံအမတ်ကြီး H.E. Mr. Lennart Linner နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

အမေရိကန်နိုင်ငံ အိုကလာဟိုးမားနဲ့ ကန်ဆပ်စ်ပြည်နယ်တွေမှာ မေ ၂၄ ရက်က တိုက်ခတ်သွားတဲ့ လေဆင်နှာမောင်းကြောင့် မေ ၂၅ ရက်နေ့ ညနေအထိ သေဆုံးသူ ၁၃ ဦးရှိပြီး ၆၀ ကျော် ဒဏ်ရာရရှိခဲ့တဲ့အပြင် နေအိမ်အဆောက်အအုံ ၂၀၀၀ ကျော် ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့ရတယ်လို့ ဒေသဆိုင်ရာအာဏာပိုင်တွေက ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် အိုကလာဟိုးမားပြည်နယ် အိုကလာဟိုးမားမြို့မှာ အိမ် ၅၈၀၀ ခန့် ဓာတ်အားပြတ်တောက်ပြီး နေအိမ်၊ စာသင်ကျောင်း၊ စားသောက်ဆိုင်တွေနဲ့ မော်တော်ယာဉ်တွေ ပျက်စီးခဲ့ရပါတယ်။ အိုကလာဟိုးမားမြို့ ကနေဒီးယန်းစီရင်စုမှာ စွမ်းအင်စက်ရုံတစ်ရုံမှ ဓာတ်ငွေ့သိုလှောင်ကန်တစ်ခု ပျက်စီးခဲ့ပြီး ဓာတ်ငွေ့ယိုစိမ့်မှုတွေ ဖြစ်ပေါ်နေပါတယ်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်လာမှုကြောင့် မိုးသည်းထန်မှု၊ ရေလွှမ်းမှု၊ မုန်တိုင်းတိုက်ခတ်မှု၊ ငလျင်လှုပ်မှုနဲ့ ဆူနာမီလှိုင်းတွေ ဖြစ်ပေါ်ရိုက်ခတ်မှုအပြင် မိုးခေါင်မှု၊ အပူလှိုင်းကျရောက်မှုတွေလည်း ဆက်တိုက်ဖြစ်ပေါ်လာပါတယ်။ ဒါဟာ လူသားတွေရဲ့ ပယောဂမကင်းတဲ့ ကမ္ဘာကြီးပူနွေးလာမှုအကျိုးဆက်ဖြစ်ပြီး ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာတဲ့ သဘာဝဘေးတွေထဲမှာ အခုလို လေဆင်နှာမောင်းတိုက်ခတ်မှုတွေလည်း ပါဝင်လာပါတယ်။

ကြီးမားခဲ့

အမေရိကန်နိုင်ငံရဲ့သမိုင်းမှာ အဆိုးရွားဆုံး လေဆင်နှာမောင်းတိုက်ခတ်မှုကတော့ ၁၉၂၅ ခုနှစ် မတ် ၁၈ ရက်က မစ်ဆောရီ၊ အီလီနွိုက်စ်နဲ့ အင်ဒီယားနားပြည်နယ်တွေကို ဖြတ်သန်းတိုက်ခတ်သွားတဲ့ လေဆင်နှာမောင်းပဲ ဖြစ်ပါတယ်။ အဲဒီလေဆင်နှာမောင်းဟာ တစ်နာရီ ၁၁၇ ကီလိုမီတာနှုန်းနဲ့ တိုက်ခတ်မှုလမ်းကြောင်း အရှည်က ၂၁၉ မိုင်အထိ ရှိခဲ့ပါတယ်။ လူသေဆုံးမှု ၆၉၅ ဦးရှိခဲ့ပြီး နေအိမ်အဆောက်အအုံနဲ့ မော်တော်ယာဉ်ပျက်စီးဆုံးရှုံးမှုတွေဟာ ကြီးမားခဲ့ပါတယ်။

ကမ္ဘာ့နိုင်ငံ အနှံ့အပြားမှာ ဖြစ်ပေါ်ခဲ့တဲ့ လေဆင်နှာမောင်းဆိုတဲ့ အသုံးအနှုန်းဟာ တကယ်တော့ ပြင်သစ်ဝေါဟာရ တရိုနာဒါ (tronada) က ဆင်းသက်လာတာဖြစ်ပါတယ်။ မိုးသက်မုန်တိုင်းအမျိုးအစားတစ်မျိုးပဲ ဖြစ်ပါတယ်။ ကာလရွေ့လျားလာတဲ့အခါ တိုနာဒို (tornado) လို့ပြောင်းလဲသုံးနှုန်းလာခဲ့တာလို့ ဆိုပါတယ်။ လေဆင်နှာမောင်းဟာ နွေဦးရာသီနဲ့ မိုးဦးတွေမှာ တိုက်ခတ်လေ့ရှိတယ်လို့ဆိုပါတယ်။

တိုက်ခတ်လေ့ရှိ

လေဆင်နှာမောင်း အများဆုံးတိုက်ခတ်ခံရတဲ့ နိုင်ငံတွေကတော့ အမေရိကန်၊ ဘင်္ဂလားဒေ့ရှ်၊ တောင်အာဖရိက၊ အာဂျင်တီးနား၊ ပါရာဂွေး၊ ဘရာဇီးနိုင်ငံတောင်ပိုင်း၊ ဩစတြေးလျ၊ နယူးဇီလန်၊ အာရှအရှေ့ဖျား နိုင်ငံတွေပဲဖြစ်ပါတယ်။ အမေရိကန်နိုင်ငံဟာ တစ်နှစ်ကို ပျမ်းမျှလေဆင်နှာမောင်းအကြိမ် ၁၂၀၀ ခန့် တိုက်ခတ်ခံရပြီး ဘင်္ဂလားဒေ့ရှ်ကတော့ တစ်နှစ်ကို ၁၇၉ ကြိမ်ခန့် တိုက်ခတ်ခံရလေ့ရှိတယ်လို့ ဆိုပါတယ်။

လေဆင်နှာမောင်းဟာ အန္တရာယ်ကြီးမားတဲ့ ဘေးအန္တရာယ်တစ်ခုလည်း ဖြစ်တယ်ဆိုတာ ယခုရက်ပိုင်းအတွင်း အမေရိကန်နိုင်ငံ မစ်ဆောရီ၊ အိုကလာဟိုးမားနဲ့ ကန်ဆပ်စ်ပြည်နယ်တွေမှာ တိုက်ခတ်ခဲ့တဲ့ဖြစ်ရပ်တွေက သက်သေအဖြစ် ဖော်ပြလျက်ရှိပါကြောင်း…။ ။ **(အင်တာနက်)**

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် မေ ၂၅

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကင်မ်ဟေးယွန်သည် မေ ၂၄ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ *ရှေ့ဖုံးမှ*

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းတို့က လွှတ်တော်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင်များနှင့် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက လွှတ်တော်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ကြပြီး ဆွေးနွေးပွဲ တတိယနေ့ကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။**(သတင်းစဉ်)**

သောင်းကျန်းသူများထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၂၅

ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် မြို့ဦးကွက်သစ်ရပ်ကွက်နေ ဦးမောင်ငဲ အသက်(၄၁) နှစ်သည် နမ့်စန်မြို့နယ် ကွန်ကျိုင်းကျေးရွာအနီး၌ တောင်ယာလုပ်ကိုင်ရန် ခြုံရှင်းလင်းစဉ် သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိပြီး ပေါက်ကွဲခဲ့သည့်အတွက် ခြေနှစ်ဖက်စလုံး၌ ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း၊ ၎င်းအား တာဝန်ရှိသူများက မိုင်းပွန်မြို့ရှိ ရတနာဆေးကုခန်းမှ တစ်ဆင့် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက် လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

လှိုင်လှိုင်သင်း ဘာသာပြန်သည်

ပေကျင်းမြို့၌ ဟိုတယ်မီးလောင် လူ ၅၀၀ ကျော် ဘေးကင်းရာပြောင်းရွှေ့ပေးခဲ့ရ

ပေကျင်း မေ ၂၅

တရုတ်နိုင်ငံ ပေကျင်းမြို့အတွင်းရှိ ဟိုတယ်တစ်ခုတွင် မေ ၂၄ ရက် မွန်းလွဲပိုင်းက မီးလောင်မှုဖြစ်ပွားရာ နိုင်ငံခြားသားနှစ်ဦးဒဏ်ရာရရှိပြီး လူဦးရေ ၅၀၀ကျော် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ဒေသခံမီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားခဲ့သည်။

ပေကျင်းမြို့ အရှေ့မြောက်ပိုင်းရှိ သည်ထရိတ်ဒါးအပ်ပါးအီ(စ်) (The Traders Upper East Hotel)ဟိုတယ်တွင် မွန်းတည့် ၁၂ နာရီက မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ယင်းမီးလောင်မှုကြောင့် မီးသတ်တပ်ဖွဲ့ဝင် ၁၂၆ ဦးနှင့် မီးသတ်ကား ၁၈ စီး အသုံးပြုပြီး တစ်နာရီကြာ မီးငြိမ်းသတ်ခဲ့ရကြောင်း၊ နိုင်ငံခြားသားနှစ်ဦးမှာ ဟိုတယ်၏ ၂၄ ထပ်မြောက်တွင် ပိတ်မိနေပြီး မီးသတ်တပ်ဖွဲ့ဝင်များက ၎င်းတို့အား ကျောပိုး၍ သယ်ဆောင်ပြီး မြေပြင်သို့ ပို့ဆောင်ခဲ့ရကြောင်း၊ နိုင်ငံခြားသားနှစ်ဦးအား ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားခဲ့သည်။

ကနဦးစုံစမ်းစစ်ဆေးမှုအရ ဟိုတယ်၏ ၁၉ ထပ်နှင့် ၂၁ ထပ်အကြား လျှပ်စစ်ဝိုင်ယာကြိုးရှော့ဖြစ်ရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။ *အမ်အင်န်အေ၊ ဆင်ဟွာ*

ဆောင်ဒါမုန်တိုင်း တိုင်ဖွန်းအဖြစ်သို့ရောက်ရှိ လူဇုန်ကျွန်းသို့ ဝင်ရောက်တိုက်ခတ်ဖွယ်ရှိ

မနီလာ မေ ၂၅

ဆောင်ဒါအမည်ရှိမုန်တိုင်းသည် မေ ၂၅ ရက်တွင် တိုင်ဖွန်းမုန်တိုင်းအဖြစ်သို့ အားကောင်းလာပြီး ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်းပေါ်သို့ မိုးသက်လေပြင်းများနှင့်အတူ ဝင်ရောက်လိမ့်မည်ဖြစ်ကြောင်း ဖိလစ်ပိုင် မိုးလေဝသဌာနက ကြေညာသည်။

ယင်းမုန်တိုင်းသည် တစ်နာရီ မိုင် ၈၀ နှုန်းဖြင့် တိုက်ခတ်နိုင်ပြီး မေ ၂၇ရက်တွင် လူဇုန်ကျွန်းအရှေ့မြောက်ပိုင်း တောင်တန်းဒေသများသို့ ဝင်ရောက်ဖွယ်ရှိကြောင်း၊ မြို့တော်မနီလာသို့လည်း လမ်းကြောင်းပြောင်း တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း မိုးလေဝသခန့်မှန်းသူများက ပြောကြားသည်။

အဆိုပါမုန်တိုင်းကြောင့် သစ်ပင်ကြီးများ၊ နေအိမ်များနှင့် လမ်းဘေးမီးတိုင်များ လဲပြိုနိုင်သကဲ့သို့ မြေပြိုမှုများလည်းဖြစ်ပွားနိုင်ကြောင်း ဖိလစ်ပိုင် မိုးလေဝသဌာနက သတိပေးထားသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

မြန်မာ့အလင်း သ တင်း မှတ် စု

အများပြည်သူစားသုံးရန်မသင့်သော ဆိုးဆေးများ ငါးပိထောင်းနှင့် ပဲကြီးလှော်တို့တွင် စစ်ဆေးတွေ့ရှိ

✤ သတင်းမှတ်စု —— ညွန့်သန်း ✤

ရန်ကုန် မေ ၂၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာနတို့ ပူးပေါင်း၍ ရန်ကုန်မြို့ ညောင်ပင်လေးဈေး မြေညီထပ်၌ ဖွင့်လှစ်ထားသော ဈေးဆိုင်များမှ ရောင်းချလျက်ရှိသည့် ငါးပိစိမ်းစား၊ ငါးပိထောင်း၊ ငရုတ်သီးမှုန့်၊ ငရုတ်ဆီနှင့် ပဲကြီးလှော်တို့ကို ဧပြီ ၂၂ ရက်နှင့် ၃၀ ရက်တို့တွင် နမူနာကောက်ယူစစ်ဆေးခဲ့ရာ ငါးပိထောင်းနှင့် ပဲကြီးလှော်တို့တွင် အများပြည်သူစားသုံးရန် မသင့်သော ဆိုးဆေးများအသုံးပြုထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။ စစ်ဆေးရန် နမူနာကောက်ယူထားသော လက်ဖက် ၅၄ ခု၊ ငါးပိစိမ်းစား လေးခု၊ ငရုတ်သီးမှုန့် ၁၀ ခု၊ ငရုတ်ဆီ ၁၁ခုတို့တွင် ခွင့်မပြုထားသော ဆိုးဆေးများကို မတွေ့ရှိရဘဲ ပဲကြီးလှော်နမူနာ ကိုးခုတွင် လေးခု၌ ခွင့်မပြုထားသော ဆိုးဆေးအဝါရောင် (Automine O)နှင့် ငါးပိထောင်းနမူနာနှစ်ခုတွင် ခွင့်မပြုထားသော အနီရောင်ဆိုးဆေး (Phodamin B) များသုံးစွဲထားသည်ကို ဓာတ်ခွဲခန်းစစ်ဆေးချက်များအရ တွေ့ရှိရသည်ဟု သိရှိရသည်။

အဆိုပါ စားသုံးရန်မသင့်သော ဆိုးဆေးများအသုံးပြုထားသည့် ရွှေရင်အေးတံဆိပ် ပဲကြီးလှော် (အဝါရောင်) ၉ ဒသမ ၅ ပိဿာ၊ အောင်ပွင့်ဖူးတံဆိပ် ပဲကြီးလှော်နှင့် ပဲလုံး ၂၉ ဒသမ ၅ ပိဿာ၊ ရွှေကြိုးကြာ ငွေကြိုးကြာတံဆိပ် ပဲလုံး ၁၂ ဒသမ ၇၅ ပိဿာ၊ ရွှေဘုတ်ဆုံတံဆိပ် မြိတ်ပုစွန်ငါးပိထောင်း (တစ်တွဲငါးလုံးပါ ဘူးသေး ၁၄၀)၊ ဘုတ်ဆုံမ မြိတ်ပုစွန်ငါးပိထောင်း (တစ်တွဲငါးလုံးပါ ဘူးကြီး ၇၅ တွဲ) တို့အား အရောင်းဆိုင်များမှ သိမ်းယူ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အား အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ ကောင်စစ်ဝန် လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ ကောင်စစ်ဝန် Dr. Madam Mohan Sethi သည် မေ ၂၃ ရက် နံနက် ၁၀ နာရီက မုံရွာမြို့ ဝင်းယူနတီဟိုတယ် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ပင်မတံတားအရှည် ၃၂၀၅ ပေရှိ ဧရာဝတီတံတား(စင်းခန်း) ဧရာဝတီ ဒုတိယမြစ်ကျဉ်းအထက်၌ တည်ဆောက်လျက်ရှိ

နေပြည်တော် မေ ၂၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် မေ ၂၁ ရက်က ဧရာဝတီမြစ် ဒုတိယ မြစ်ကျဉ်း အထက်ဘက်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၂)က တာဝန်ယူတည်ဆောက် လျက်ရှိသော ဧရာဝတီတံတား(စင်းခန်း) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး လိုအပ်သည်များမှာကြားကာ ဗန်းမော်ဘက်ကမ်း RP 9 နှင့် RP 8 တို့တွင် သံပေါင်များတပ်ဆင်နေမှု၊ကရိန်းများဖြင့် သံပေါင်များ မတင်နေမှုနှင့် ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စီမံဆောင်ရွက်

ဧရာဝတီတံတား(စင်းခန်း)သံပေါင် တပ်ဆင်ရန် ၁၁၂ မီတာအရှည် ခုနစ်ခန်း၊ ၉၆ မီတာအရှည်နှစ်ခန်း စုစုပေါင်း ကိုးခန်းရှိသည့်အနက် ဗန်းမော်ဘက်ကမ်း RP 9 နှင့် RP 10 တွင် ၉၆ မီတာ တစ်ခန်း ပြီးစီး၍ RP 9 နှင့် RP 8 တွင် ၁၁၂ မီတာ တစ်ခန်းကို သံပေါင် ဆက်လက်တပ်ဆင်လျက်ရှိကြောင်း၊ ကျန်ရှိသည့် ၁၁၂ မီတာ ခြောက်ခန်းနှင့် ၉၆ မီတာ တစ်ခန်းကို အမြန်ဆုံးတပ်ဆင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီတံတား(စင်းခန်း)

ဧရာဝတီတံတား(စင်းခန်း)သည် သံမဏိသံပေါင်နှင့် ကြိုးတင်အားဖြည့် သံကူကွန်ကရစ်တံတား အမျိုးအစား ဖြစ်ပြီး ပင်မတံတားအရှည် ၃၂၀၅ ပေ၊ ချဉ်းကပ်တံတားနှစ်ဖက်အရှည် ၁၄၁၅ ပေ၊ ချဉ်းကပ်ရထား တံတား နှစ်ဖက်အရှည် ၂၂၉၅ ပေ၊ ယာဉ်သွား လမ်းအကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် ရထားလမ်း အကျယ်၁၄ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီ ပါရှိသည့် ရေလမ်းကင်းလွတ်အကျယ် ပေ ၃၂၀ နှင့် အမြင့် ၄၇ ပေ ရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ငါးသယံဇာတထိန်းသိမ်းရေး အင်္ဂပူ၌ ပညာပေးဟောပြော

အင်္ဂပူ မေ ၂၅

ဧရာဝတီတိုင်းဒေသကြီးငါးလုပ်ငန်း ဦးစီးဌာနနှင့် ဟင်္သာတခရိုင် ငါးလုပ်ငန်း ဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် ငါး သယံဇာတထိန်းသိမ်းရေး ပညာပေး ဟောပြောပွဲကို မေ ၂၁ ရက် မွန်းလွဲ ၁ နာရီက အင်္ဂပူမြို့နယ် ပန်းတင် ကျေးရွာအုပ်စု၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသန်းစိန်နှင့် အင်္ဂပူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်တို့က ရေချိုငါးလုပ်ငန်း ရေပြင်များ၊ ဂရန်အင်းများ၊ တင်ဒါ ပိုက်ချက်များနှင့် ဘုံငါးဖမ်းလုပ်ငန်း ရေပြင်များတွင် ငါးမျိုးပြုန်းတီးမှုမရှိ စေရေးအတွက် ငါးသယံဇာတထိန်းသိမ်း ခြင်းလုပ်ငန်းများဆောင်ရွက်ရေး၊ငါးမျိုး ပြုန်းတီးစေသော ဘက်ထရီရှော့တိုက် ခြင်းနှင့် အဆိပ်ဆေးချ ငါးဖမ်းခြင်း၊ ငါးရစ်ငါးသန် ဖမ်းဆီးခြင်းများ မရှိ စေရေးနှင့် အင်း၊ ချောင်းများ အရှည် တည်တံ့ ကောင်းမွန်စေရေး၊ သဘာဝ ငါးမျိုးများ မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး အင်္ဂပူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှထွန်းက ရေလုပ်သားများနှင့် အတူ ပူးပေါင်းလိုက်နာစေရေး၊ ရေချို ငါးလုပ်ငန်းဥပဒေများကို အလေးထား ဆောင်ရွက်ကြရေးတို့ကိုရှင်းလင်းဆွေးနွေး ကြကြောင်း သိရှိရသည်။ **(အပေါ်ဝဲပုံ)** **(၀၇၅)**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် စက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၅

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် မေ ၂၃ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံအတွင်း ကုန်ထုတ် လုပ်မှုအခြေအနေများကိုလည်းကောင်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း မှန်စက်ရုံ(ပုသိမ်)အတွင်း မှန်သားထုတ် လုပ်နေမှုအခြေအနေများနှင့် ထုပ်ပိုး နေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

တက်ရောက်

ထို့နောက် ပုသိမ်-ရွှေမြင်တင်-ဝါးယားချောင်းလမ်းကို ကြည့်ရှု စစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ဧရာဝတီ တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်း အဝေးခန်းမ၌ကျင်းပသော တိုင်းဒေသ ကြီးဝန်ကြီးချုပ်နှင့် တိုင်းအဆင့်ဌာန ဆိုင်ရာများ၊ ခရိုင်အုပ်ချုပ်ရေးမှူး များ၊ လယ်ယာကုန်ထုတ်အသင်းများ ဖွဲ့စည်းရေးနှင့် ပညာရေးဆိုင်ရာ လုပ်ငန်း ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၆-၅-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၃	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၃၀	၅။	ဓမ္မပူဇာတေး
၇း၃၅	၆။	မျိုးချစ်တပ်မတော်
၇း၄၀	၇။	မြန်မာ့ရှုခင်း
၇း၄၅	၈။	မြန်မာသံစဉ် ချိုနားဝင်
၇း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၅	၃။	နိုင်ငံတော်သီချင်း
၄း၁၀	၄။	အဖွင့်သီချင်း
၄း၁၅	၅။	မျိုးချစ်တပ်မတော်
၄း၂၀	၆။	ချစ်သူစုံတွဲ တူယှဉ်၍
၄း၃၅	၇။	ဗွီစီဒီကျော်ကြားတေး
၄း၄၅	၈။	မွေးမြူသုတ
၄း၅၀	၉။	မြန်မာသံစဉ်ချိုနားဝင်
၄း၅၅	၁၀။	ကြိုတင်တားဆီး ရန်သူမီး
၅း၁၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၆၈)
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၅။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၆။	ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၂၅)
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငွေတိုက်ပွဲ** (အပိုင်း-၁၂)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဒို့တာဝန်အရေး(၃)ပါး
	၂၁။	နိုင်ငံတကာသတင်း
	၂၂။	မိုးလေဝသသတင်း
	၂၃။	အနုပညာရှင်၏ တစ်နေ့တာ
	၂၄။	ကုန်သွယ်သုတ
	၂၅။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း-၃)
	၂၇။	ဂီတရင်ခုန်သံ

ဝက်နားရွက်ပြာရောဂါကာကွယ်ရေး မင်းပြား၌ ပညာပေးဟောပြော

မင်းပြား မေ ၂၅

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနက ဝက်နားရွက်ပြာရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပညာပေး ဟောပြောပွဲကို မေ ၁၁ ရက် နံနက် ၉ နာရီက မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနရုံးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းက အမှာစကား ပြောကြားသည်။

ဖြန့်ဝေ

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ ချစ်ဦးလွင်**(အပေါ်ပုံ)**က ဝက်နားရွက်ပြာရောဂါအကြောင်း သိကောင်းစရာများ ဟောပြောကာ လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြီးကြပ်ဆောင်ရွက်

ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ မြို့မဈေးကြီး၌ လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို မေ ၁၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးနှင့် အမှုဆောင် အရာရှိ ဦးတင်မောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်

ရန်ကုန် မေ ၂၅

၂၀၁၁ ခုနှစ် (၁၂)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား တိုင်းဒေသကြီးနှင့် ပြည်နယ်အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂၂ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်အမှာစကားပြောကြားကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ (ယာပုံ)

ယှဉ်ပြိုင်ကစား

ထို့နောက် ပထမနေ့ပွဲစဉ်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းတို့စတင်ယှဉ်ပြိုင်ကစားကြသည်။ပြိုင်ပွဲကို မေ ၂၁ ရက်မှ ဇွန် ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဘောလုံးအသင်း (၁၃)သင်းတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

တက်ရောက်

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ ကျင်းပသော၂၀၁၁ခုနှစ် ဆဌမအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသားပတ်လည် ဟော်ကီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ပေးအပ်ချီးမြှင့်

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တတိယဆုရ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်း၊ ဒုတိယဆုရ နေပြည်တော်တိုင်းစစ်ဌာနချုပ် အသင်းနှင့် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့အား မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ဆုဖလားနှင့် ဆင့်ပွားဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့နယ် ကြက်သွန်ခင်းအုပ်စု ဂျို့ကျွန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းခွဲအား အခြေခံပညာမူလတန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို မေ ၁၉ ရက်က အဆိုပါကျောင်းရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကြူနှင့် မြို့နယ်ပညာရေးမှူး ဦးကြည်ဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

နည်းပညာ ၁၄ မျိုးဖြင့် သိပ္ပံနည်းကျစိုက်ပျိုးရေး မြိုင်မြို့နယ်၌ ဆွေးနွေးပွဲကျင်းပ

မြိုင် မေ ၂၅

မိုးစပါးပန်းတိုင် အထွက်နှုန်း တစ်ဧကတင်း ၁၀၀ အထက်ထွက်ရှိရန် လိုက်နာလုပ်ဆောင်ရမည့် သိပ္ပံနည်းကျ စိုက်ပျိုးရေးဆွေးနွေးပွဲကို မေ ၁၉ ရက် မွန်းလွဲ ၂ နာရီက မြိုင်မြို့နံ့သာမြိုင်ခန်းမ၌ ကျင်းပသည်။

ပြသရှင်းလင်း

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်က အမှာစကားပြောကြားပြီး**(အောက်ပုံ)**အာဒရာ စိုက်ပျိုးရေးလုပ်ငန်း ပခုက္ကူခရိုင် စိုက်ပျိုးရေးတာဝန်ခံ ဦးဟိန်းဇော်ထွေးနှင့် မြိုင်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးခင်ဦးတို့က မိုးစပါးပန်းတိုင် အထွက်နှုန်းတင်း ၁၀၀ အထက်ထွက်ရှိရန် လိုက်နာလုပ်ဆောင်ရမည့် သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းပညာ ၁၄ ချက်ကို ပရိုဂျက်တာဖြင့် ပြသရှင်းလင်းခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စုပေါင်းသန့်ရှင်း

ရွှေကူမြို့ မြို့မဈေးကြီးအနောက်ဘက်လမ်း၌ မီးဘေးကာကွယ်ရေးနှင့်ဈေးသန့်ရှင်းရေးအတွက် မေ ၃ ရက်က သနေ့မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ သန့်ရှင်းရေး ပြုလုပ်ကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့ရိုးရာခြင်းလုံးခတ်အသင်းအတွက် လူရွေးမည်

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံ မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ်သည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့ရိုးရာခြင်းလုံးခတ်အသင်းအတွက် လူရွေးချယ်ရေးလုပ်ငန်းများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံးခတ် အားကစားနည်းများဖြစ်သော ဘယ်ညာစုံ၊ မျိုးတူပြိုင်၊ မျိုးကွဲပြိုင်၊ အတွဲပြိုင်၊ ခြင်းရိုး၊ ခြင်းလတ်ပြိုင်ပွဲများအပြင် အလုခတ်ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ထို့အပြင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အသစ်တီထွင်ထားသော မြန်မာ့ရိုးရာခြင်းလုံးခတ်အားကစားကွင်း နှစ်ကွင်းယှဉ်ပြိုင်ခတ်ကစားနည်းကိုလည်း ထည့်သွင်းကျင်းပရန် မြန်မာနိုင်ငံ မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ်က ဆောင်ရွက်လျက်ရှိသည်။ ယင်းခြင်းလုံးခတ်အားကစားကွင်းနှစ်ကွင်း ယှဉ်ပြိုင်ခတ်ကစားနည်း ဥပဒေများကို ရေးဆွဲပြီးဖြစ်ရာ ပဏာမလက်ရွေးစင်များကိုလည်း ရွေးချယ်ကာ လေ့ကျင့်လျက်ရှိသည်။

အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများ မြန်မာ့ရိုးရာခြင်းလုံးခတ်အားကစားနည်းကို စိတ်ပါဝင်စားလာစေရန်နှင့် မြန်မာ့ရိုးရာခြင်းလုံးခတ် အားကစားနည်းကို မျိုးဆက်သစ်လူငယ် မောင်မယ်များဖြင့် လက်ဆင့်ကမ်းထိန်းသိမ်းသွားရန်အတွက် မြန်မာနိုင်ငံ မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ်က အစီအစဉ်များ ချမှတ်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝက်နားရွက်ပြာရောဂါ ကာကွယ်ထိန်းချုပ်ရေး ထန်းတပင်မြို့နယ်၌ ပညာပေးဆွေးနွေး

ထန်းတပင် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၁၄ ရက်က ဝက်နားရွက်ပြာရောဂါကာကွယ်ထိန်းချုပ်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

မေးမြန်း

ဆက်လက်၍ မြို့နယ်မွေး/ကုဦးစီးဌာနမှူး ဦးခင်သိန်းက ဝက်နားရွက်ပြာရောဂါအကြောင်း ပညာပေးဆွေးနွေးဟောပြောရာ ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဝက်မွေးမြူကြသူ လုပ်ငန်းရှင်များက သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြောင်း သိရှိရသည်။ **(ဝ၄၈)**

အမျိုးသားကာကွယ်ဆေးတိုက်နေ့ ကြို့ပင်ကောက်၌ ကျင်းပ

ကြို့ပင်ကောက် မေ ၂၅

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ ဖန်းတင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မေ ၁၄ ရက် နံနက် ၇ နာရီက ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းအောင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်ရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

တိုက်ကျွေး

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဖန်းတင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းနှင့် ရပ်မိရပ်ဖများက မွေးကင်းစမှ ငါးနှစ်အတွင်း ကလေးသူငယ်များအား ပိုလီယိုအကြောသေရောဂါ ကာကွယ်ဆေး တိုက်ကျွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဝက်နားရွက်ပြာရောဂါအကြောင်း ခရမ်း၌ ပညာပေးဟောပြော

ရန်ကုန် မေ ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး၌ မေ ၁၃ ရက် နံနက်ပိုင်းက PRRS ဝက်နားရွက်ပြာရောဂါပညာပေးဟောပြောပွဲကျင်းပရာ ခရိုင်မွေး/ကုဦးစီးဌာနမှူး ဒေါက်တာကျော်ဇင်က ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်မွေး/ကု ဦးစီးဌာနမှူး ဒေါက်တာမိုးဇော်က မြို့နယ်တွင်း ဝက်မွေးမြူမှုများအပေါ် စနစ်တကျထားရှိ ဆောင်ရွက်နိုင်မှုများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာသော ဒေသခံဝက်မွေးမြူသူများ၊ ရောင်းဝယ်သူများ၊ သားသတ်လိုင်စင်လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး **H.E. Mr. Julius Georg Luy** နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဂျာမနီနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Julius Georg Luy နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် မေ ၂၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kim Sok Chol သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်း အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Mr. Kim Sok Chol** လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

✱ ရှေ့ဖုံးမှ

ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ပညာရေး စေတနာရှင်များ၊ မိဘပြည်သူများအနေဖြင့်လည်း ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာ အဆင့်အလိုက် သင်ယူပြီးမြောက်ရေးအတွက် နှစ်တိုစီမံကိန်းကာလအလိုက် ရည်မှန်းချက်များပြည့်မီ ကျော်လွန်သည်အထိ ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန်နှင့် အခြေခံပညာကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းနေသောကလေးတိုင်း ကျောင်းနေမြဲပြီး သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးအတွက် ကျောင်းတွင်းစီမံခန့်ခွဲမှုနှင့် သင်ကြားရေးလုပ်ငန်းများကို အပြည့်အဝကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့်လည်း တိုက်တွန်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မူလတန်းအဆင့် ကျောင်းသုံးစာအုပ်များကို မြို့နယ်ပညာရေးမှူးများထံသို့ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်က နေပြည်တော်ကောင်စီ နယ်မြေရှိ မြို့နယ် ရှစ်မြို့နယ်တို့မှ ဆင်းရဲနွမ်းပါးသည့် ကျောင်းသား ကျောင်းသူများအတွက် တစ်မြို့နယ်လျှင် အလှူငွေကျပ် ၁၀ သိန်းစီကို မြို့နယ်အုပ်ချုပ်ရေးမှူးများထံသို့ လည်းကောင်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးရဲလွင်အောင်က နေပြည်တော်ကောင်စီ နယ်မြေရှိ မြို့နယ် ရှစ်မြို့နယ်တို့မှ ကျောင်းသားကျောင်းသူများအတွက် လေ့ကျင့်ခန်းစာအုပ်ဒါဇင် ၉၁၀၀ ကိုလက်ထောက်ပညာရေးမှူး ဦးမိုးမြင့်ကျော်ထံသို့လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် အမျိုးသားပညာရေးကော်မတီဝင်များနှင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဝင်များသည် နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံနေမှုများကို လှည့်လည်ကြည့်ရှုကြပြီး မူလတန်းအဆင့်ကျောင်းသား ကျောင်းသူများအား အခမဲ့ ကျောင်းသုံးစာအုပ်များကို ပေးအပ်သည်။

ကျောင်းသုံးစာအုပ်ပေးအပ်

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ဒုတိယဝန်ကြီး ဦးဘရွှေနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့ရှိ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့ အမှတ် (၂၀) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၊ ဇေယျာသီရိမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ပြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံနေမှုများကို လှည့်လည်ကြည့်ရှုကာ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား အခမဲ့ ကျောင်းသုံးစာအုပ်များကို ပေးအပ်သည်။

ကြည့်ရှုလေ့လာ

အလားတူပင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်နှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့ အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်း၊ ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ကြပြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာကျောင်းအလိုက် ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုလေ့လာကာ အခြေခံပညာမူလတန်းအဆင့် ကျောင်းသားကျောင်းသူများအား အခမဲ့ ကျောင်းသုံးစာအုပ်များကို ပေးအပ်ကြသည်။

နှိုးဆော်ထား

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများကို မေလနောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ၂၅ ရက်မှ ၃၁ ရက်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြို့နယ်များရှိ အခြေခံပညာ ကျောင်းများတွင်လည်း ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာမှ နှိုးဆော် အကြောင်းကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နည်းပညာမြင့်မားရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၂၅

ဝန်ကြီးဌာန၏ ရည်မှန်းချက် တာဝန်များနှင့်အညီ အရည်အချင်းပြည့်ဝသော လူ့စွမ်းအား အရင်းအမြစ် ပြုစုပျိုးထောင်ရန်၊ နိုင်ငံတကာအဆင့်မီ အင်ဂျင်နီယာများ၊ နည်းပညာရှင် အတတ်ပညာရှင်များ၊ ကွန်ပျူတာပညာရှင်များ မွေးထုတ်ပေးနိုင်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံးစုဝေးခန်းမ၌ ကျင်းပသည့် နည်းပညာမြင့်မားရေးညှိနှိုင်းအစည်းအဝေး၌ ဆွေးနွေးမှာကြားသည်။

တက်ရောက်

ယင်းညှိနှိုင်းအစည်းအဝေးသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းအောင်၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရ စက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ သင်တန်းကျောင်းတို့၌ တာဝန် ထမ်းဆောင်လျက်ရှိသော ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ တက်ရောက်ခဲ့ပြီး နည်းပညာမြင့်မားရေးအတွက် ဆောင်ရွက်သွားရန် နည်းလမ်းများနှင့် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုရီးယားထုတ်ကုန်ပစ္စည်းများပြပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၅

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ဇွန် ၁၀ ရက်မှ ၁၃ ရက်အထိ Korea Kotra, Association နှင့် Logic Myanmar Co., Ltd. တို့မှ ပူးပေါင်း၍ ပထမဦးဆုံး ကိုရီးယားနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများနှင့် နေထိုင်မှုဆိုင်ရာ ပစ္စည်းများပြပွဲ (Made in Korea & Living Facilities Exhibition) ကို ကျင်းပမည်ဖြစ်ရာ အဆိုပါ ပြပွဲတွင် Korea Association မှ Shirts & Jeans များ၊ TMW Enterpress မှ LG Electornic များ၊ Kaung Myat Zaw International Co., Ltd. မှ Hyundai Brand စက်လှေကားနှင့် အိမ်ဆောက်ပစ္စည်းများ၊ AA Group မှ Samsung Electronic များ၊ Kerasy မှ အလှကုန်များ၊ Bang Bang မှ Shirts & Jeans များ၊ Happy Cook မှ မီးဖိုချောင်သုံးပစ္စည်းများ၊ The One မှ Clean ရေတိုင်ကီများ၊ KPC မှ ကိုရီးယားအစားအစာများ၊ Moon Bakery, G- Midas, GSI, SIC & C မှ နံရံကပ်စက္ကူနှင့် ကြမ်းခင်းများ၊ 121 မှ ပန်းထိုးစက်နှင့် Textile များ၊ Ever Queen မှ Textile များ၊ DEBONI, Green Drop, DAEHA, Onix Lub Long မှ အလှကုန်ပစ္စည်းများ၊ SMART Electronic Dictionary များ ACER, MIS Brands Compute (IT Zone), City Mart နှင့် Orange Supermarket တို့မှ ကိုရီးယားအသုံးအဆောင်နှင့် စားသောက်ကုန်ပစ္စည်းများ ပါဝင်ပြသမည်ဖြစ်ပြီး တိုက်ကွမ်ဒိုသရုပ်ပြတင်ဆက်မှု၊ Koreana မှ ကိုရီးယားမိတ်ကပ် လက်တွေ့သရုပ်ပြပွဲအပြင် နေ့စဉ် ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်းနှင့် အခြားဆုမဲပေါင်းများစွာကို ကံထူးရှင်ရွေးချယ်ပေးခြင်း အစီအစဉ်တို့ဖြင့် ကျင်းပသွားမည်ဖြစ်ရာ အသေးစိတ်သိလိုပါက ဖုန်း-၀၉-၅၁၈၄၇၅၃၊ ၀၉-၅၁၈၅၁၃၈ နှင့် ၀၁-၆၆၁၅၈၉ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မေ ၂၄ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုးက စီမံကိန်းတာဝန်များ ပေးအပ်စဉ်။ (၁၂၁)

ဝက်နားရွက်ပြာ ရောဂါအကြောင်း ပညာပေးဟောပြော

ပန်းတနော် မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝက်နားရွက်ပြာရောဂါနှင့် တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို မေ ၁၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဦးက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာ သန်းထိုက်အောင်က ဝက်နားရွက်ပြာရောဂါအကြောင်းနှင့် လူသို့ ကူးစက်နိုင်သော တိရစ္ဆာန်ရောဂါများ ကာကွယ်ထိန်းချုပ်နိုင်သည့် နည်းလမ်းများအကြောင်း ဆွေးနွေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

26-5 (08).pmd 1 5/26/2011, 2:38 AM

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဩစတြေးလျနိုင်ငံ သံအမတ်ကြီးနှင့် လူမှုရေးအသင်းအဖွဲ့မှ ဧည့်သည်တို့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၅

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး မစ္စဘရွန်တီ နာဒင်းမိုလက်စ် (အပေါ်ပုံ)သည် ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ လူမှုရေးအသင်းအဖွဲ့ဖြစ်သည့် Support Fund Myanmar အဖွဲ့မှ President Ms. Yve Callebaut သည် ယနေ့နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ဩစတြေးလျနိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် ၎င်းက ဩစတြေးလျနိုင်ငံအနေဖြင့် ရောဂါကြီး သုံးမျိုး တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှု၊ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအား အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုနှင့် ကုလသမဂ္ဂလက်အောက်ရှိ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ဩစတြေးလျနိုင်ငံရှိ တက္ကသိုလ်များ၌ အထူးပြုဘာသာရပ်များ တက်ရောက်လေ့ကျင့်သင်ကြားနိုင်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

ပူးပေါင်းဆောင်ရွက်

Support Fund Myanmar အဖွဲ့နှင့် တွေ့ဆုံစဉ် ဘယ်လ်ဂျီယံနိုင်ငံက ဆေးရုံသုံးပစ္စည်းများ ပံ့ပိုးပေးနေမှု၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဘယ်လ်ဂျီယံနိုင်ငံ ဆေးတက္ကသိုလ်များနှင့် မြန်မာနိုင်ငံ ဆေးတက္ကသိုလ်များ၌ နည်းပညာဖလှယ်ရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးဦးကာလ သတိပြုကြ မိုးလေဝသ

ချစ်ကျော်(မိုး/ဇလ)

မကြာမီ အနောက်တောင်မုတ်သုံရာသီလေသည် မြန်မာနိုင်ငံတောင်ပိုင်း၊ ထိုမှတစ်ဆင့် မြစ်ဝကျွန်းပေါ်ဒေသများ၊ သည့်နောက် မြန်မာနိုင်ငံအလယ်ပိုင်း၊ မြောက်ပိုင်း စသည်ဖြင့် တစ်ပြည်လုံးသို့ တစ်ဆင့်ပြီးတစ်ဆင့် ဝင်ရောက်တော့မည်ဖြစ်ပါသည်။

မုတ်သုံဝင်ရင် ဘာတွေများဖြစ်ပါလိမ့်မည်ဟု တွေးတောမေးမြန်းစရာရှိပါသည်။ မုတ်သုံဝင်လျှင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်မှာ တိုက်ခတ်သည့် လေများသည် ပရမ်းပတာမတိုက်တော့ဘဲ အနောက်တောင်ဘက် တစ်ခုတည်းမှသာ တိုက်ခတ်ပါတော့သည်။ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခြင်းများ လျော့ကျသွားပါသည်။ မုတ်သုံမိုး ပုံမှန်ရွာမည့်ကာလ ဖြစ်ပါသည်။ စိုးရိမ်ဖွယ် မရှိနိုင်တော့ပါ။

မုတ်သုံမဝင်ခင်မှာ ဘာတွေဖြစ်တတ်သနည်း?

ယခုကာလသည် အဆိုပါမေးခွန်းမေးမြန်းရန် လိုအပ်သောကာလဖြစ်ပါသည်။ ထိုအချက်သည် မုတ်သုံလေဝင်ရောက်မှု၏ လက္ခဏာတစ်ရပ်လည်းဖြစ်ပါသည်။ နည်းနည်းလေး ချဲ့ထွင်ရှင်းပြလိုသည်မှာ- မုတ်သုံလေဝင်ရောက်ခြင်းသည် အရှေ့မြောက်မှ ဆောင်းမုတ်သုံ လက်ကျန်လေများကို အနောက်တောင်ဘက်မှ နွေမုတ်သုံလေကို သယ်ဆောင်လာသော လေများက ပြန်လည်တွန်းလှန်သော ကာလဖြစ်ပါသည်။



ပုံ(၁) မုတ်သုံလေဝင်ရောက်မှု လေများ ဆန့်ကျင်တိုက်ခတ်ပုံ။

ပုံ(၁)အရ ကြည့်လျှင် မတူညီသော အရပ်မျက်နှာနှစ်ခုမှ လေများ မျက်နှာချင်းဆိုင် တိုက်ရသဖြင့် အဆိုပါ လေများဆုံသောနေရာနှင့် အနီးတစ်ဝိုက်တွင် လေများမတည်ငြိမ်၊ ဦးတည်ဘက် အမျိုးမျိုးမှ တိုက်ခတ်ပါသည်။ မိုးလေဝသစကားရပ်မှာ- အဆိုပါနေရာများတွင် လေထုမငြိမ်မသက်မှုဖြစ်နေသည်ဟု ဆိုပါသည်။

ပုံ(၂)အရ မျက်နှာချင်းဆိုင်လေတိုက်ခတ်လျှင် လေများသည် အထက်သို့ ရုတ်ချည်းထိုးတက်တိုက်ခတ်ကြောင်း တွေ့မြင်နိုင်ပါသည်။ ပုံတွင် (C) ဟုဖော်ပြထားသောနေရာများသည် အတန်းလိုက်တည်နေပြီး အဆိုပါနေရာများတွင် မိုးတိမ်တောင်ကြီး တန်းစီဖြစ်ပေါ်လာပါတော့သည်။ မိုးတိမ်တောင်ကြီး ပေါင်းရုံးဖြစ်ပေါ်လာသည်နှင့် အဆိုပါတိမ်တောင်ကြီးများ ရွေ့လျားရာတစ်လျှောက် မြေပြင်တွင် လေများ ပရမ်းပတာ ပြင်းပြင်းထန်ထန် တိုက်ခတ်ပါသည်။ တစ်ခါတစ်ရံ လေတိုက်နှုန်း မိုင် ၄၀ ကျော်ပါသည်။ မိုးထစ်ချုန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးသည်းထန်ခြင်းတို့ ဖြစ်ပေါ်ပါသည်။ အထက်ပါ ဖြစ်စဉ်များသည် နံနက်ပိုင်း/နေ့လယ်ပိုင်းတို့တွင် ဖြစ်ပေါ်ပါက အင်အားနည်းပါသည်။ မွန်းလွဲ/ညနေပိုင်းများတွင် ဖြစ်ပေါ်ပါက အင်အားပိုပြင်းထန်ပါသည်။ ယခု မေလ ၉ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲကြားတွင် မုတ္တမကွေ့၊ မွန်ပြည်နယ် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သောဖြစ်စဉ်မှာ ယခုရှင်းလင်းတင်ပြနေသော ဖြစ်စဉ်မျိုးဖြစ်ပါသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်သည့်နေရာများသည် တဖြည်းဖြည်း မြောက်ဘက်သို့တိုးပြီး ဖြစ်ပေါ်နိုင်ပါသည်။ မုတ်သုံလေဝင်ရောက်မည့်ကာလများတွင် မြစ်ဝကျွန်းပေါ်ဒေသများ၌ မေလ ၁၇ ရက်နေ့မှ မေလ ၂၁ ရက်နေ့အတွင်း၊ အလယ်ပိုင်းဒေသများတွင် မေလ ၂၂ ရက်နေ့မှ မေလကုန်အတွင်း လေထုမငြိမ်မသက်မှုနှင့် ဆန့်ကျင်လေများ တိုက်ခတ်မှုကြောင့်ဖြစ်ပေါ်လာမည့် ထစ်ချုန်းမိုးသက်လေပြင်း ဖြစ်စဉ်များကို ပင်လယ်ရေကြောင်းခရီး အသုံးပြုသူများအနေဖြင့် အထူးသတိပြုရှောင်ရှားကြရန်နှင့် နီးစပ်ရာ မိုးလေဝသရုံးများသို့ မေးမြန်းသတင်းရယူပြီးမှ သွားလာသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။



ပုံ(၂) (A) အရပ်နှင့် (B) အရပ်မှ လေများ မျက်နှာချင်းဆိုင် တိုက်သဖြင့် အထက်ဘက် (C) အရပ်သို့ လေများ ပင့်တင် တိုက်ခတ်ပုံ။

မြန်မာ့ရုပ်မြင်သံကြား

၂၆-၅-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ **အင်္ဂဇေယျမင်္ဂလံ** (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၂၀ ၈။ အကပဒေသာ
- ၈:၃၅ ၉။ အဆိုပြိုင်ပွဲ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

- ၃:၃၀ ၁။ **Myanmar National League MNL Grand Royal Cup (2011) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်ယူနိုက်တက်အသင်းနှင့် Southern Myanmar အသင်း)**
- ၅:၀၀ ၂။ တေးဂီတအစီအစဉ်
- ၅:၁၅ ၃။ ပြန်လည်တည်ထောင်ပြုစုပျိုးထောင်လျက်ရှိသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများ
- ၅:၂၀ ၄။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၅:၃၅ ၅။ အက္ခရာများက ပြောသောစကား
- ၆:၀၀ ၆။ ညနေခင်းသတင်း
- ၆:၁၅ ၇။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၈။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဇီ** (အပိုင်း-၅၂) ကိုလင်း၊ စိစိ၊ ရဲရဲယု၊ ယုဇနဗိုလ်မြင့် (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆:၄၀ ၉။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၃၅)
- ၈:၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ **အစာလည်းဆေး၊ ဆေးလည်းအစာ** (အပိုင်း-၂၉)
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ထူးခြားသောမိသားစု** (အပိုင်း-၁၉)
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၆၂)
- ၁၇။ အစီအစဉ်ပြီး၏။

ပထမအကြိမ် အာဆီယံရိုးရာစစ်တုရင်ပြိုင်ပွဲနှင့် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲများဖွင့်

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပထမအကြိမ် အာဆီယံရိုးရာ စစ်တုရင်ပြိုင်ပွဲနှင့် ၂၀၁၁ခုနှစ် သက်တန်းအလိုက် လူငယ်တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲများ၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပထမအကြိမ် အာဆီယံရိုးရာ စစ်တုရင်ပြိုင်ပွဲ၏ ပထမဦးဆုံး ကစားကွက်ကို ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ **(အောက်ယာပုံ)** မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ဦးက ၂၀၁၁ ခုနှစ် သက်တန်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ၏ ဦးဆုံးကစားကွက်ကို ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်သို့ ဦးဝင်းအောင် (M.D. FUTURE ENGINEERING) က အလှူငွေ ကျပ် သုံးသိန်းကိုလည်းကောင်း၊ ဦးဝင်းအောင် (ဥက္ကဋ္ဌ M.G. W Construction) က မြန်မာ့လက်ရွေးစင် စစ်တုရင်အားကစားသမားများ လေ့ကျင့်ရာတွင် အသုံးပြုရန် ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ Notebook Computer သုံးလုံးကိုလည်းကောင်း၊ တစ်လုံးလျှင် ၁၅၉ ဒေါ်လာ တန်ဖိုးရှိ နိုင်ငံတကာ စစ်တုရင်ပြိုင်ပွဲသုံး အဆင့်မြင့် ဒစ်ဂျစ်တယ် စစ်တုရင်နာရီများကို လှူဒါန်းရာ၌ ဦးညိုဝင်း (ဒါရိုက်တာ ပတ္တမြားဟာ့ဘ်ကုမ္ပဏီ)က တစ်လုံး၊ ဒေါက်တာသန်းထွဋ်အောင်က လေးလုံး၊ အဆိုတော် သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်က ငါးလုံးတို့ကို လည်းကောင်း လှူဒါန်းရာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လက်ခံသည်။

ကူညီပံ့ပိုး

မြန်မာ့စစ်တုရင် လက်ရွေးစင်အသင်း၌ အခြေခံနိုင်မည့် မျိုးဆက်သစ် လူငယ်လက်ရွေးစင်များ ပေါ်ထွက်လာရေးကို အဓိကရည်မှန်းချက်ဖြင့် ကျင်းပလျက်ရှိသော ၂၀၁၁ ခုနှစ် သက်တန်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် P.I.S.M (Pride International School of Myanmar) က အဓိက ကူညီပံ့ပိုးထားသည်။ **(သတင်းစဉ်)**

မိုးရွာသွန်းမှုများ

၂၅-၅-၂၀၁၁

ရန်ကုန်(ကမ္ဘာအေး)	၃ ဒသမ ၇၇ လက်မ
ဖလွန်မြို့	၂ ဒသမ ၇၆ လက်မ
ရန်ကုန်(မင်္ဂလာဒုံ)	၂ ဒသမ ဝ၄ လက်မ
ပူတာအိုမြို့	၁ ဒသမ ၉၃ လက်မ
လောင်းလုံမြို့	၁ ဒသမ ၈၉ လက်မ
မန္တလေးမြို့	၁ ဒသမ ၅၇ လက်မ
အောင်လံမြို့	၁ ဒသမ ၃၀ လက်မ

တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် မေ ၂၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မေ ၂၆ ရက် ညနေအထိခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်မည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား အိန္ဒိယသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၅

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် မေ ၂၃ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ရေကြောင်း/လေကြောင်း ပို့ဆောင်ရေးကဏ္ဍများ တိုးမြှင့်ဆောင်ရွက်ရေး၊ ဧရာဝတီ/ချင်းတွင်းမြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ပြန်လည်ပြုပြင်ပြီးနောက် လွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၂၅

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပျက်စီးယိုယွင်းနေသော အခြေခံပညာကျောင်းများအား ပြန်လည်ပြုပြင်ပြီး ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၂၃ ရက် မွန်းလွဲ ၂ နာရီက ဇမ္ဗူသီရိမြို့နယ်ခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဆွေးနွေးပြောကြား

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ပညာသင်ကြားရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ အောင်ချမ်းသာဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးနော်အောင်က ရွှေကြာပင်ရပ်ကွက် အမှတ်(၂၇) အခြေခံပညာ မူလတန်းကျောင်းကို လည်းကောင်း၊ အေစီအီးဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဇော်မိုးဝင်းက ပြန်ကပြေး အခြေခံပညာအထက်တန်းကျောင်းခွဲ၊ အမှတ်(၁၄၀) အခြေခံပညာမူလတန်းလွန်ကျောင်း၊ လက်ပန်ခါးလှ အမှတ်(၁၃၈)အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၃၄) အခြေခံပညာမူလတန်းလွန်ကျောင်း၊ အလျှင်လို အမှတ်(၇၃) အခြေခံပညာမူလတန်းကျောင်း၊ တဲကြီးကုန်း ကျောင်းဆောင်သစ်များအားလည်းကောင်း သက်ဆိုင်ရာကျောင်းအုပ်များသို့ လွှဲပြောင်းပေးအပ်ကြသည်။

လွှဲအပ်ပေး

ယခုပြုလုပ်သော ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲတွင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းသုံးကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းနှစ်ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ တစ်ကျောင်းတို့မှ နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်နှင့် တစ်ထပ်ကျောင်းဆောင် ခုနစ်ဆောင်တို့ကို အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ဆောက်လုပ်ပြုပြင် လွှဲအပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာကုန်ထုတ်အသင်းစု ဟသ္သာတမြို့နယ်၌ဖွဲ့စည်း

ဟသ္သာတ မေ ၂၅

ဟသ္သာတမြို့နယ် အင်းဝဝယ်ကျေးရွာအုပ်စုနှင့် လယ်ကြီးကွင်းကျေးရွာအုပ်စုတို့တွင် လယ်ယာကုန်ထုတ်အသင်းစုများ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို မေ ၃ ရက်က ကျင်းပရာ အခမ်းအနားတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာဦးဌေးလွင်က လယ်သမားများ၏ လူနေမှုဘဝ နှစ်ဆမြင့်တက်လာစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် သိပ္ပံနည်းကျ စိုက်ပျိုးနည်း ၁၄ ချက်တို့အား ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)**

ထို့နောက် လယ်ယာကုန်ထုတ်အသင်းစုဖွဲ့စည်းကာ တာဝန်ပေးအပ်ခြင်းကို ဆောင်ရွက်သည်။

ဟသ္သာတမြို့နယ် အနေဖြင့် ၂၀၁၁-၂၀၁၂ မိုးစပါးရာသီမှ စတင်၍ လယ်ယာကုန်ထုတ်အသင်းစု နှစ်ခုဖွဲ့စည်းတည်ထောင်၍ ၎င်းအသင်းတို့၏ အောင်မြင်မှုကိုအခြေခံကာ ဆက်လက်တိုးချဲ့ဖွဲ့စည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(၀၇၆)**

အခြေခံပညာအလယ်တန်းကျောင်း တိုးမြှင့်ဖွင့်လှစ်ပွဲ ပျော်ဘွယ်မြို့နယ်၌ ကျင်းပ

ပျော်ဘွယ် မေ ၂၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် မြောက်ကံကြီးကျေးရွာအုပ်စု လျှော်ဖြူကုန်း(န)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို မေ ၂၃ ရက် နံနက် ၈ နာရီက လျှော်ဖြူကုန်း(န)ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ အခြေခံပညာအလယ်တန်းကျောင်းကို ဒွိပိဋကဓရ သစအ အစိုးရဓမ္မာစရိယ ဝိနယဝိဒူ ဝိနယပါဠိပါရဂူ တောင်ကြီးမြို့ သိမ်တောင် ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အရှင်နေမိန္ဒာလင်္ကာရာဘိဝံသ၊ ပျော်ဘွယ်မြို့နယ်၏ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းနှင့် မြို့နယ်ပညာရေးမှူး ဦးရဲညွန့်တို့က အမှာစကားပြောကြားကြပြီးနောက် ကျောင်းဆောင်သစ်အတွက် ပျော်ဘွယ်မြို့နယ်၏ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးက ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ဘိလပ်မြေအိတ် ၅၀၊ ပျော်ဘွယ်မြို့ မြင်းဘက်ရပ်ကွက်နေ ဦးမြင့်သန်း-ဒေါ်စန်းစန်းငွေး (မဏိရွှေစင်ထက်ရတနာရွှေဆိုင်)မှ ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေမြောင်းများတူးဖော်

တောင်ငူမြို့ မြို့မဈေးကြီးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတူးဖော်နေမှုကို မေ ၃ ရက်က ဦးစီးအရာရှိ ဦးဝင်းဆန်းနှင့် ဒုတိယဦးစီးမှူး (ဈေး) ဦးစံသိန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဆေးဝါးများတင်သွင်းဖြန့်ချိမှု နှစ်ပတ်လည်အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၅

ရန်ကုန်မြို့ Chatrium Hotel တွင် မေ ၁၇ရက် ညနေပိုင်းက မြန်မာနိုင်ငံတွင် ဂျာမနီနိုင်ငံ Denk Pharma ကုမ္ပဏီမှထုတ်လုပ်သော ဆေးဝါးများကို T.T.O ကုမ္ပဏီမှထုတ်လုပ်တင်သွင်းဖြန့်ချိသည့် (၁၀)နှစ်မြောက် အထိမ်းအမှတ်နှင့် ဆေးဆိုင်ပိုင်ရှင်များ ဂုဏ်ပြုသည့်အခမ်းအနားကျင်းပရာ အခမ်းအနားတွင် ဂျာမနီနိုင်ငံ Denk Pharma ကုမ္ပဏီမှ General Manager ဖြစ်သူ MR. FRANK Zimmermann က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကုမ္ပဏီမှထုတ်လုပ်သော ဆေးဝါးများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အရောင်းကိုယ်စားလှယ်ကြီးများနှင့် ဈေးများအလိုက် ရောင်းအားအကောင်းဆုံး ကိုယ်စားလှယ်ဆုများကို ပေးအပ်ချီးမြှင့်သည်။Denk Pharma ကုမ္ပဏီသည် ဂျာမနီနိုင်ငံမှထုတ်လုပ်သောဆေးဝါးများကို ဖြန့်ချိလျက်ရှိရာ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၆၀သို့ တင်ပို့ရောင်းချလျက်ရှိပြီး မြန်မာနိုင်ငံတွင် ဆေးအမျိုးပေါင်း ၃၁မျိုး ဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရသည်။

Denk Pharma ကုမ္ပဏီထုတ်ဆေးဝါးများကို ဆက်သွယ်ဝယ်ယူလိုပါက T.T.O Trading Co.,Ltd· အခန်းအမှတ်(၁၀၀၇) ယုဇနတာဝါ ရွှေဂုံတိုင် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၅၅၉၅၁၈၊ ၀၁-၅၅၂၇၂၀ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၂၇-၅-၂၀၁၁

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော်
(မေတ္တသုတ်+ခန္ဓသုတ်)
၇း၃၀ ဓမ္မပူဇာတေးပဒေသာ
၇း၃၅ (၃၈)ဖြာမင်္ဂလာ
နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ လေလှိုင်းကြားကပွဲတင်သံ
၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀ စံတော်ချိန်
ဆိုကြပျော်ရွှင်တေးသံစဉ်
(Intermediate Level)
၁၂း၃၀ အလုပ်အကိုင်အခွင့်အလမ်း
(အနုပညာရှင်-၂ သံစုံ၊
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)
နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀ တေးပဒေသာ
၁၇း၁၅ ပြောပါရစေရှင်
(ရှေးသရောအခါ ပြည်ဗာရာဝယ်)
တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၅ ရင်ခုန်စီးဆင်း
အနုပညာသတင်း (၄၂)
၁၈း၀၀ ညနေခင်းသတင်း
နိုင်ငံရေးဦးတည်ချက်
၁၈း၁၀ လူမှုစာနာပြန်ကြားလွှာ
၁၈း၂၀ တေးချစ်သူရွှေးသီတေးပန်းချီ
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
စီးပွားရေးဦးတည်ချက်
၁၉း၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅ ဇာတ်လမ်းပမာနားဆင်စရာ
တောင်ဇလပ်အိုရဲ့ မေတ္တာ
၁၉း၄၅ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
လူမှုရေးဦးတည်ချက်
၂၀း၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ
(ကိုမင်းနောင်)
တေးပဒေသာ
၂၁း၀၀ ဆောင်းပါး
(အလိုအပ်ဆုံးချစ်ခင်ခြင်း)
၂၁း၀၅ ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ

မလေးရှားနှင့် တရုတ်နိုင်ငံများ၌ အာဆင်နယ်အသင်း ရာသီကြို ခြေစမ်းပွဲများကစားမည်

မောင်မောင်မြင့်ဆွေ
ရေးသားသည်

လန်ဒန် မေ ၂၅

အာဆင်နယ်အသင်းသည် မလေးရှားနှင့် တရုတ်နိုင်ငံများ၌ ရာသီအကြို ချစ်ကြည်ရေး ခြေစမ်းပွဲများ ကစားရန် လာမည့် ဇူလိုင်လအတွင်း သွားရောက်မည်ဖြစ်ကြောင်း ၎င်းအသင်းက မေ ၂၅ ရက်၌ သတင်းထုတ်ပြန်သည်။

ပထမခရီးစဉ်အဖြစ် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ဇူလိုင် ၁၁ ရက်တွင် ရောက်ရှိမည်ဖြစ်ပြီး ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီ ဘောလုံးကွင်း၌ နှစ်ပွဲကစားမည်ဖြစ်သည်။ ထို့နောက် တရုတ်နိုင်ငံသို့ ဆက်လက်ထွက်ခွာကာ ဇူလိုင် ၁၆ ရက်တွင် ယီဂူမြို့၌ တရုတ်စူပါလိဂ်ချန်ပီယံ ဟန်ကျို့ဂရင်းတောင်းအသင်းနှင့် ချစ်ကြည်ရေးပွဲ ကစားမည်ဖြစ်သည်။

အာဆင်နယ်အသင်းသည် မလေးရှားနိုင်ငံသို့ ၁၉၉၉ ခုနှစ်က နောက်ဆုံးလာရောက် ကစားခဲ့ပြီးနောက် ယခုထပ်မံလာရောက်ကစားခြင်း ဖြစ်သည်။ ထို့အတူ တရုတ်နိုင်ငံသို့လည်း ၁၉၉၅ ခုနှစ်က နောက်ဆုံး လာရောက်ကစားခဲ့ဖူးသည်။ (အင်တာနက်)

ပေါ်တိုအသင်းနည်းပြဟောင်း မော်ရင်ဟိုထက် လက်ရှိနည်းပြ ဗီလက်စ်ဘိုအက်စ်က ပိုထူးချွန်

လစ္စဘွန်း မေ ၂၅

ပေါ်တူဂီလိဂ်ဖလား နောက်ဆုံးပွဲစဉ်အဖြစ် ပေါ်တိုအသင်းနှင့် ဗစ်တိုးရီးယားအသင်းတို့ မေ ၂၃ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ပေါ်တိုက ခြောက်ဂိုးပြတ် အနိုင်ရရှိပြီး ပေါ်တူဂီလိဂ်ဖလားကို ဆွတ်ခူးခဲ့သည်။

စွမ်းဆောင်ပေးနိုင်

အသက် ၃၃ နှစ်အရွယ်ရှိ ပေါ်တိုအသင်းနည်းပြ ဗီလက်စ်ဘိုအက်စ်သည် ပေါ်တိုအသင်းနည်းပြဟောင်း မော်ရင်ဟိုထက် ပိုမိုစွမ်းဆောင်နိုင်သူဖြစ်ပြီး နည်းပြအရည်အချင်း ပိုမိုပြည့်စုံသူတစ်ဦးဖြစ်ကြောင်း သက်သေပြနိုင်ခဲ့ခြင်းဖြစ်သည်။ နည်းပြ ဗီလက်စ်ဘိုအက်စ် (အပေါ်ပုံ)သည် ပထမဆုံး ဘောလုံးရာသီ၌ပင် ပေါ်တူဂီစူပါဖလား၊ ပေါ်တူဂီ ချန်ပီယံရှစ်ဖလား၊ ယူအီးအက်ဖ်အေ၏ ယူရိုပါလိဂ်ဖလားနှင့် ပေါ်တူဂီလိဂ်ဖလားတို့ကို ထူးခြားစွာ ဆွတ်ခူး နိုင်အောင် စွမ်းဆောင်ပေးနိုင်သူ ဖြစ်သည်။ (အင်တာနက်)

အူဒီးနိစ်ကွင်းလယ်ကစားသမား ဆန်ချက်ဇ်အား ပေါင် ၃၅ သန်းပေးသော်လည်း ငြင်းဆို

ရောမ မေ ၂၅

အူဒီးနိစ်အသင်း ကွင်းလယ်ကစားသမား ဆန်ချက်ဇ်အား ထိပ်တန်းအသင်းအများအပြားက ပြောင်းရွှေ့ကြေး ပေါင် ၃၅သန်းပေးကာ ကမ်းလှမ်းမှုကို အူဒီးနိစ်အသင်းဥက္ကဋ္ဌ ဂီနိုပိုဇိုက မေ ၂၅ ရက်၌ ငြင်းဆိုလိုက်သည်။

ဆန်ချက်ဇ် (ယာပုံ)သည် လာမည့်နှစ် ချန်ပီယံလိဂ် ဝင်ခွင့်ရရေးအတွက် အူဒီးနိစ်အသင်းအား စွမ်းဆောင်ပေးထားသူတစ်ဦးဖြစ်ကြောင်း၊ ဆန်ချက်ဇ်၏ ပြောင်းရွှေ့မှုသည် လာမည့်နှစ် ဘောလုံးရာသီအထိ ဖြစ်နိုင်ဖွယ်မရှိကြောင်း၊ အူဒီးနိစ်အသင်း၌ပင် ဆက်လက်ကစားစေမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ချီလီနိုင်ငံသား ဆန်ချက်ဇ်ကို ပရီမီယာလိဂ် ထိပ်တန်းအသင်းများ အပါအဝင် စပိန်ထိပ်တန်းအသင်းများကလည်း ခေါ်ယူရန် ကမ်းလှမ်းလျက်ရှိရာ လက်ရှိ ပြောင်းရွှေ့ကြေး ပေါင် ၃၅ သန်းထက် အနည်းဆုံး ပေါင်သန်း ၅၀ပေး ပြီး ကမ်းလှမ်းသင့်ကြောင်း၊ ဆန်ချက်ဇ်၏ ခြေစွမ်းသည် မက်ဆီထက် ပိုမို ကောင်းမွန်ကြောင်း အူဒီးနိစ်အသင်း ဥက္ကဋ္ဌ ဂီနိုပိုဇိုက ပြောကြားသည်။ (အင်တာနက်)

ကွင်းလယ်ကစားသမား ဂျို့ကာလီဂျွန် ရီးရဲမက်ဒရစ်ခေါ်ယူ

မက်ဒရစ် မေ ၂၅

အက်စ်ပန်ညိုအသင်းမှ ကွင်းလယ်ကစားသမား ဂျို့ကာလီဂျွန် **(ယာပုံ)**အား ရီးရဲမက်ဒရစ်က စာချုပ်ချုပ်ဆို ခေါ်ယူမည်ဖြစ်ကြောင်း ယင်းကလပ်က မေ ၂၄ ရက်၌ အတည်ပြု ပြောကြားသည်။

အသက် ၂၄နှစ် အရွယ်ရှိ ဂျို့ကာလီဂျွန်အား ပြောင်းရွှေ့ကြေး အမေရိကန်ဒေါ်လာ ခုနစ်သန်းခန့်ဖြင့် ခေါ်ယူမည်ဖြစ်သည်။ ၎င်းအား ရီးရဲမက်ဒရစ်အသင်းက ငါးနှစ် စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိထားသည်။ ဂျို့ကာလီဂျွန်သည် စပိန်လာလီဂါ၌ ယခုနှစ် ဘောလုံးရာသီတွင် အကောင်းဆုံး ကွင်းလယ်ကစားသမားဆုရရှိထားသူဖြစ်သည်။ ယခုနှစ်၌ အက်စ်ပန်ညိုအသင်းအတွက် စုစုပေါင်း ခြောက်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဂျို့ကာလီဂျွန်သည် ရီးရဲမက်ဒရစ်အတွက် ဘောလုံးရာသီသစ်၌ တတိယမြောက်ခေါ်ယူမည့် ကစားသမား ဖြစ်လာသည်။ **(အင်တာနက်)**

ပေါ့ပ်အဆိုတော်လေး ဂျပ်စတင်းဘီဘာနှင့် အဆိုတော် ဆီလီနာဂိုမက်ဇ်တို့၏ အချစ်ဇာတ်လမ်း

မြင့်မောင်စိုး
ရေးသားသည်

လက်စ်ဗီးဂတ်စ် မေ ၂၅

အမေရိကန်နိုင်ငံ လက်ဗီးဂတ်စ်မြို့မှာ မေ ၂၀ ရက် ညပိုင်းက ဘေလ်ဘုတ်တေးဂီတဆု (Billboard Music Award) ချီးမြှင့်ပွဲကြီး ကျင်းပခဲ့ပါတယ်။ ဒီတေးဂီတဆုဟာ ဂရမ်မီဆုပြီးရင် အကြီးကျယ်ဆုံးသော ဂီတဆုချီးမြှင့်ပွဲကြီး တစ်ရပ်ဖြစ်ပါတယ်။

ဒီဘေလ်ဘုတ် တေးဂီတဆုပေးပွဲများမှာ အမေရိကန် ရက်(ပ်) အဆိုတော် အီမီနမ်နဲ့ ကနေဒါလူငယ် ပေါ့ပ်အဆိုတော် ဂျပ်စတင်းဘီဘာတို့ဟာ အကောင်းဆုံးဆုခြောက်ဆုစီ ဆွတ်ခူးနိုင်ခဲ့ကြပါတယ်။ အဆိုတော် အီမီနမ်ကတော့ တစ်နှစ်တာ အကောင်းဆုံးဂီတဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အကောင်းဆုံး အမျိုးသားအဆိုရှင်ဆု အပါအဝင် ဆုခြောက်ဆု ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ အီမီနမ်လိုပဲ ဂျပ်စတင်းဘီဘာဆိုတဲ့ ကနေဒါလူငယ် ပေါ့ပ်အဆိုတော်လေးကလည်း ဒီဆုပေးပွဲမှာ ဆုခြောက်ဆု ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ဂျပ်စတင်းဘီဘာဟာ အကောင်းဆုံး မျက်နှာသစ်အဆိုရှင်ဆု၊ အကောင်းဆုံး ပေါ့ပ်အယ်လ်ဘမ်ဆုများ အပါအဝင် ဆုခြောက်ဆု ဆွတ်ခူးနိုင်ခဲ့တယ်လို့ သိရပါတယ်။

အဆိုတော် ဂျပ်စတင်း ဘီဘာနှင့် ချစ်သူ ဆီလီနာမာရီဂိုမက်ဇ်

ဒီဂီတဆုပေးပွဲမှာ အမေရိကန် နာမည်ကျော် သရုပ်ဆောင် အဆိုတော်မလေး ဆီလီနာမာရီဂိုမက်ဇ်လည်း တက်ရောက်ခဲ့ပါတယ်။ သူမအသက်က ၁၈နှစ်ပဲ ရှိပါသေးတယ်။ တက္ကဆက်သူ ဂိုမက်ဇ်ဟာ Wizards of Waveerly Place အယ်လ်ဘမ်နဲ့ ဂီတလောကကို ၂၀၀၇ ခုနှစ်က စတင်ဝင်ရောက်လာခဲ့သူဖြစ်ပါတယ်။ ယခုသူနဲ့ ကနေဒါပေါ့ပ်အဆိုတော်လေး ဂျပ်စတင်းဘီဘာတို့ဟာ အဲဒီဆုပေးပွဲမှာ ဆုံစည်းရာက ချစ်သူတွေ ဖြစ်သွားကြပြီလို့ သိရပါတယ်။ သူတို့နှစ်ဦးဟာ ကိုယ်ရံတော်တွေ နှစ်ဦးစီရှိတဲ့ကြားကနေ ချစ်သူတွေဖြစ်ကြတာလို့ သိရပါတယ်။ ကိုယ်ရံတော်တွေရဲ့ ကျေးဇူးကြောင့်လား။ ဒါမှမဟုတ်သူတို့ နှစ်ဦးရဲ့ အချစ်စွမ်းအားကို ကိုယ်ရံတော်တွေကပဲ မတားဆီးနိုင်ခဲ့တာလား။ ယခုအထိ ဘယ်သူမျှ မပြောနိုင်ကြသေးပါဘူး။ ဂျပ်စတင်းဘီဘာက ယခုမှ အသက် ၁၈ နှစ် ပြည့်ခါစပဲ ရှိပါသေးတယ်။ ချစ်သူဆီလီနာဂိုမက်ဇ်က အသက် ၁၈ နှစ်ပါ။ တစ်ဦးနဲ့တစ်ဦး ဘဝချင်းကလည်းတူ၊ ဝါသနာချင်းကလည်းတူ၊ တကယ့်ကို နေနဲ့လ ရွှေနဲ့မြပါပဲ။ လိုက်ဖက်တဲ့ အတွဲလေးလို့ ဆိုထိုက်ပါတယ်။

ဒီလူငယ်အဆိုတော်လေးဟာ လူငယ်ပေမယ့် တကယ့်ပါရမီရှင် အဆိုတော်လေးပါ။ ကမ္ဘာက သူ့ကိုသိကြပါတယ်။ သူဟာ ကနေဒါနိုင်ငံ အွန်တာရီယိုပြည်နယ် စထရန်းဖို့ဒ်မှာ ကြီးပြင်းခဲ့သူပါ။ အသက် ၁၂ နှစ်အရွယ်ကတည်းက ဂီတလောကထဲ ဝင်ရောက်လာသူပါ။ ၂၀၀၉ ခုနှစ် ဇူလိုင်လမှာတော့ One Time လို့ အမည်ရတဲ့ ပထမဆုံး တေးအယ်လ်ဘမ် ထွက်ခဲ့ပါတယ်။ ကနေဒါမှာရော အမေရိကန်မှာပါ ရောင်းအား အကောင်းဆုံး တေးအယ်လ်ဘမ် ဖြစ်ခဲ့ပါတယ်။ ဒီနောက်မှာတော့ My World အမည်ရှိတဲ့ အယ်လ်ဘမ်သစ် ထွက်ခဲ့ပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ ဘေလ်ဘုတ်ရဲ့ အရောင်းရဆုံး တေးအယ်လ်ဘမ် ဖြစ်ပါတယ်။ **(ကိုးကား-အင်တာနက်)**

ပေါ့ပ်အဆိုတော် အဒီလီ၏ တေးအယ်လ်ဘမ်များ ရောင်းအား အကောင်းဆုံးဖြစ်

လန်ဒန် မေ ၂၅

ဗြိတိသျှအဆိုတော် အဒီလီသည် အမျိုးသမီးအဆိုတော်များတွင် ရေပန်းအစားဆုံးအဆိုတော်တစ်ဦးဖြစ်သည်။ ၎င်း၏ တေးအယ်လ်ဘမ် 19 နှင့် 21 တို့သည် ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်များဖြစ်ကြသည်။

ထွက်ရှိ

ယခုသီတင်းပတ်တွင် အဆိုတော် အဒီလီ (အပေါ်ပုံ)၏ ရောင်းအား အကောင်းဆုံးစံချိန်ကို အမျိုးသမီးအဆိုတော် ကိတ်ဘုရှ်က ဝင်ရောက်နေရာယူရန် ကြိုးစားနေသည်။ ကိတ်ဘုရှ်သည် ထွက်ပြီးတေးအယ်လ်ဘမ်များမှ အကောင်းဆုံး သီချင်းများကိုစုစည်းပြီး Director အမည်ရှိတေးအယ်လ်ဘမ်အသစ် ထွက်ရှိလာသည်။ ၎င်းတေးအယ်လ်ဘမ်သည် ပရိသတ်များအကြား ရေပန်းစား လူကြိုက်များနေသော တေးအယ်လ်ဘမ်ဖြစ်လာသည်။

အရောင်းရဆုံး

ရက်(ပ်)အဆိုတော် ပစ်ဘူးလ်၏ Give me Everything တေးအယ်လ်ဘမ်သည် ရက်(ပ်)သီချင်းများတွင် ရောင်းအားအကောင်းဆုံးတေးအယ်လ်ဘမ်ဖြစ်သည်။ အဆိုတော် ကိတ်ဘုရှ်သည် နှစ် ၃၀ အတွင်း တေးအယ်လ်ဘမ်ပေါင်း ၁၀ ခု ထွက်ရှိခဲ့ရာ ၎င်း၏ တေးအယ်လ်ဘမ်များသည် အရောင်းရဆုံး တေးအယ်လ်ဘမ်ထိပ်ဆုံး ၁၀ ခုတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ (အင်တာနက်)

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၅

နိုင်ငံတကာရှိ Hotel များ၊ Restaurant များနှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများအတွက် Hospitality Operation & Service Course သင်တန်းအမှတ်စဉ်အသစ်ကို မေလနောက်ဆုံးပတ်အတွင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန အသိအမှတ်ပြု Star Resources Hospitality Management Academy တွင် ဖွင့်လှစ်ပေးမည်ဖြစ်ရာ သင်တန်းကာလအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအမျိုးမျိုး၌ အလုပ်အကိုင် အခွင့်အလမ်းပေါများသော F & B Service (အစားအသောက်တည်ခင်းဝန်ဆောင်မှု အတတ်ပညာ-Waiter / Waitress)၊ Housekeeping Operatoin (ဟိုတယ်တွင်း သပ်ရပ်လှပအောင် ထိန်းသိမ်းခြင်း အတတ်ပညာ-Room Attendant)၊ အဖျော်ရည်ဖျော်စပ်နည်းများ၊ The Art of Napkin Foldingတို့အပြင် ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းများအကြောင်း Hotel Operations, ဧည့်ဝတ်ကျေပွန်မှု အတတ်ပညာ Customer Services စသည်တို့ကို စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများသည် Star Resources Hospitality Management Academy၊ တိုက်(၂၆၇) အခန်း၁၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀၂၀၃၀၂ တို့ထံသို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အထက(၂)ကျောင်းဝင်းအတွင်း ချုံနွယ်၊ မြက်များရှင်းလင်းခြင်းနှင့် ရေတွင်းရေကန်အတွင်း အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို မေ ၂၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင် ဦးဆောင်၍ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြို့နယ်ပေါင်းစုံ ဆံကေသာအလှပြပွဲကို မေ ၁၈ ရက်က သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ကျင်းပရာ ဆုရရှိသူများအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၀၄၉)

အိမ်မဲမြို့၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်

အိမ်မဲ မေ ၂၅

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် မေ ၂၀ ရက်က လယ်ပေါ်ရပ်ကွက်အတွင်း ခြင်ဆေးဖျန်းခြင်း၊ သောက်သုံးရေကန်များ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးကျော်စိုး၊ တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အောင်ဇေယျလမ်း လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို မေ ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရှေးဟောင်းဘုရားများ ပြန်လည်ပြုပြင်ရန် အလှူငွေများ လှူဒါန်း

နေပြည်တော် မေ ၂၅

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းဘုရားများ ပြန်လည်ပြုပြင်ရန်အတွက်စေတနာရှင်ပြည်သူများက ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအောက်ရှိ ဌာနခွဲအသီးသီးသို့ အလှူငွေများလှူဒါန်းလျက်ရှိရာ မေ ၁၈ ရက်က ရန်ကုန်ရုံးခွဲသို့ ဦးအောင်သိန်း-ဒေါ်မြညို မိသားစုက ငွေကျပ်နှစ်သောင်း၊ မနှင်းအေးခိုင် မိသားစုက ငွေကျပ် သုံးသောင်း၊ ဒေါက်တာအောင်မြတ်-ဒေါက်တာရင်မေသန်း မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးခင်သန်း-ဒေါ်အေးတင်မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်သောင်း မိသားစုက ငွေကျပ် ငါးသောင်းနှင့် မေ ၁၉ ရက်တွင် ပျဉ်းမနားရုံးခွဲသို့ ဦးအောင်လွင် မိသားစုက ငွေကျပ်ဆယ်သိန်းတို့ကို သွားရောက်လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများ လှူဒါန်းလိုပါက ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၀၃၈၊ ၄၀၈၀၂၇ နှင့် ၄၀၈၀၄၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၈)၊ အမှတ်(၂)ထုတ်ဝေ

ရန်ကုန် မေ ၂၅

ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၈)၊ အမှတ်(၂)ကို ထုတ်ဝေလိုက်သည်။ **(ယာပုံ)** နိုင်ငံ့ဝန်ထမ်းဂျာနယ်သည် အရည်အသွေး တိုးတက်မြင့်မားရေး အသိပညာဗဟုသုတ ပြည့်ဝစေရေး၊ ဝန်ထမ်းကျင့်ဝတ်၊ တာဝန်နှင့် စည်းကမ်းလိုက်နာစောင့်ထိန်းစေရေးအတွက် အထောက်အကူပြုသည့် ပညာရပ်ဆိုင်ရာ ဂျာနယ်ဖြစ်ပြီး တစ်နှစ်လျှင်နှစ်ကြိမ် ထုတ်ဝေလျက်ရှိသည်။

အဆိုပါဂျာနယ်ကို နေပြည်တော်၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇) ဝင်းသူဇာအရောင်းဆိုင်နှင့် မြို့မဈေး မြတ်ရွှေတောင်စာပေ၊ ပျဉ်းမနားတွင် သရဖူစာပေဥယျာဉ်နှင့် သော်တာစန်းစာပေ၊ ရန်ကုန်မြို့တွင် အင်းဝစာအုပ်တိုက်နှင့် စာပေဗိမာန် စာအုပ်ဆိုင်တို့၌ တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မှုခင်းသတင်း

ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မိ

မြင်းမူ မေ ၂၅

မြင်းမူမြို့နယ် ထီးဆောင်ရွာ အရှေ့ဘက် မြင်းမူ-မန္တလေးကားလမ်းပေါ်တွင် မေ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲက မန္တလေးမှမြင်းမူသို့ ဦးအောင်မောင်း(၆၉)နှစ် (ဘ)ဦးထွန်းဟံ တမူးမြို့ တမူးတန်း (၉)ရပ်နေသူ မောင်းနှင်လာသည့် ဆိုင်ကယ်အမှတ် ၁၈ယ/----နှင့် မြင်းမူဘက်မှ မန္တလေးဘက်သို့ ဦးမျိုးဦး မောင်းနှင်ပြီး နောက်ထိုင်ခုံမှ နန်းဝင်းလိုက်ပါသည့် ဆိုင်ကယ်အမှတ် ၁၁ယ/----တို့ မျက်နှာချင်း ဆိုင်တိုက်မိရာမှ ဦးအောင်မောင်းမှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ ဦးမျိုးဦးနှင့် နန်းဝင်း သပြေရွာ မြင်းမူမြို့နယ်နေသူတို့မှာ ဒဏ်ရာပြင်းစွာရရှိသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မြင်းမူရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(၀၇၉)**

ထော်လာဂျီကို မဆင်မခြင်မောင်း လူတစ်ဦးပြုတ်ကျ၊ ဒဏ်ရာပြင်းစွာရ

တောင်တွင်းကြီး မေ ၂၅

တောင်တွင်းကြီးမြို့နယ် မင်းကွင်းကျေးရွာအနီး မိုင်တိုင်အမှတ် ၂၀၄/၂ နှင့် ၂၀၄/၃ အကြား၌ မေ ၂၃ ရက် နံနက် ၁၁ နာရီခန့်က ယာဉ်မောင်းသန်းထိုက် မောင်းနှင်လာသည့် ထော်လာဂျီယာဉ် ၉ဠ/----သည် ဇီးခြုံတောထဲတွင် မြေကြီးများချရန် သယ်ဆောင်မောင်းနှင်လာစဉ် ယာဉ်နောက်လိုက် သန်းမင်းဦး (၁၈)နှစ် (ဘ)ဦးအောင်ကျော် မင်းကွင်းရွာနေသူမှာ ယာဉ်ပေါ်မှပြုတ်ကျ၍ ဦးခေါင်းနောက်စေ့တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

ယင်းဖြစ်စဉ်တွင် ယာဉ်မဆင်မခြင်မောင်းနှင်သူ သန်းထိုက် (၂၆)နှစ် (ဘ) ဦးဖိုးသောင်း ငမြလေးကျေးရွာ ရေစကြိုမြို့နယ်နေသူအား သက်ဆိုင်ရာမှ စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

ညှော်နံ့နှင့် ရေဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်အမှတ်(၆)ရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ ပုဂ္ဂလိကဆန်စက်မှထွက်ရှိသောညှော်နံ့နှင့် စည်းကမ်းမဲ့စွန့်ပစ်သောရေဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့်သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။ **ညှော်နံ့မခံနိုင်သူ**

ရေမြောင်းပိတ်ပြီးရေလျှံ၊ သွားလာရေးခက်ခဲ

စာတည်းခင်ဗျား-

ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော် (A)ဘလောက် ၁၂ လမ်းရှိ ပင်မရေမြောင်းပိတ်ဆို့ပြီး ရေစီးဆင်းမှုမရှိသောကြောင့် ရေများပြည့်လျှံကာ သွားလာရေး အခက်အခဲဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။ **၁၂ လမ်း (A) လမ်းသားများ**

မိလ္လာအနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် (၂)လမ်းနှင့် (၃) လမ်းကျောကပ်ရှိ အိမ်တစ်လုံးသည် နောက်ဖေးလမ်းကြား ရေဆင်းမြောင်းပေါ်တွင် မိလ္လာတွင်းပိတ်ဆို့ဆောက်ထားသဖြင့် ရေမဆင်းတော့ဘဲ ယင်းမှထွက်ရှိသော အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

စားသောက်ဆိုင်မှ ဆူညံသံဆောင်ရွက်ပြီးဖြစ်

၁၄-၂-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **မုဒုံမြို့ မြို့မ(၂)ရပ်ကွက် ရှင်စောပုလမ်းနှင့် အမှတ်(၁) ရှင်စောပုလမ်းသွယ်ထောင့်ရှိ စားသောက်ဆိုင်ဆူညံသံ နားမခံနိုင်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲကို ဇွန် ၂၁ ရက်မှ ၂၃ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ နေ့စဉ် နံနက် ၉ နာရီမှ စတင်ကျင်းပမည်ဖြစ်သည်။

အမျိုးသား ပထမတန်းအဆင့်နှင့် ဒုတိယတန်းအဆင့် ပြိုင်ပွဲအသီးသီးတွင် (၅၆)ကီလိုတန်း၊ (၆၂)ကီလိုတန်း၊ (၆၂)ကီလို အထက်တန်းပြိုင်ပွဲများကိုလည်းကောင်း၊ အမျိုးသမီးပထမတန်းအဆင့်နှင့် ဒုတိယတန်းအဆင့်ပြိုင်ပွဲအသီးသီးတွင် (၄၈)ကီလိုတန်း၊ (၅၃) ကီလိုတန်း၊ (၅၃) ကီလိုအထက်တန်းပြိုင်ပွဲများကိုလည်းကောင်း၊ အမျိုးသားတတိယတန်းအဆင့်ပြိုင်ပွဲတွင် (၅၆) ကီလိုတန်း၊ (၆၂)ကီလိုတန်း၊ (၆၉) ကီလိုတန်း၊ (၇၇)ကီလိုတန်း၊ (၈၅) ကီလိုတန်း၊ (၈၅)ကီလိုအထက်တန်းပြိုင်ပွဲများကိုလည်းကောင်း၊ အမျိုးသမီးတတိယတန်းပြိုင်ပွဲတွင် (၄၈) ကီလိုတန်း၊ (၅၃)ကီလိုတန်း၊ (၅၈) ကီလိုတန်း၊ (၆၃)ကီလိုတန်းနှင့် (၆၃)ကီလိုအထက်တန်းပြိုင်ပွဲတို့ကိုလည်းကောင်း ထည့်သွင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းမျဉ်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့လည်းကောင်း၊ ဝန်ကြီးဌာနအလေးမအသင်းများသို့လည်းကောင်း ဖြန့်ဝေထားပြီး ပြိုင်ပွဲဝင်အမည်စာရင်းများကို ဇွန် ၁၃ ရက် နောက်ဆုံးထား၍ ပေးပို့ရမည် ဖြစ်သည်။

စုံစမ်းမေးမြန်းနိုင်

အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဖုန်း-၀၁-၃၈၈၁၆၀သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

26-5 (12).pmd 1 5/26/2011, 2:38 AM

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးစက်ကိရိယာများနှင့် ရုံးသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးစက်ကိရိယာများနှင့် ရုံးသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူလိုပါသည်-

(က) လုပ်ငန်းသုံးစက်ကိရိယာပစ္စည်းများ

(၁)	2 Unit Sheetfed Offset	1	No
(၂)	Plate Processor	1	No
(၃)	Printing Down Frame	1	No
(၄)	4 High Tower Web Offset with Automatic Reel Changer	1	No
(၅)	Pallet Truck (3 Tons)	3	Nos
(၆)	Air Conditioner (3 HP) (Split Type) with Installation material	3	Nos
(၇)	T.V Sony (42") LCD	1	No

(ခ) ရုံးသုံးစက်ကိရိယာပစ္စည်းများ

(၁)	Digital Copier (A_3)	1	No
(၂)	Computer (Intel Core 1.8 MHz) 15" LCD Basic (Model)	10	Sets
(၃)	Duplicating Maching Olympic (1215)	1	No
(၄)	Printer (Canon 2770)	9	Nos
(၅)	Scanner (A_4)	1	No
(၆)	Automatic Book Scanner	1	No
(၇)	Monitor - (SVGA Monitor 19")	10	Nos

၂။ တင်ဒါပေးသွင်းမှုကို ၂၀-၆-၂၀၁၁ ရက် ၁၅း၃၀ နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း၊ ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၅၃၆၀၂၉၊ ၅၃၄၅၇၄။

သမဝါယမကောလိပ်၊ မန္တလေး
တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ

သူငယ်ချင်းတို့ရေ-

တို့တစ်တွေ ပညာသင်ကြားခဲ့ကြတဲ့ကောလိပ်ကို စတင်တည်ထောင်ခဲ့တာ ၁၈-၆-၂၀၁၁ ရက်မှာ ၁၇ နှစ်ပြည့်မြောက်မှာဖြစ်ပါတယ်။ အဲဒီနေ့ရဲ့ နောက်တစ်နေ့ဖြစ်တဲ့ ၁၉-၆-၂၀၁၁ ရက်မှာ အငြိမ်းစားယူပြီးဖြစ်တဲ့ ဆရာကြီး ဆရာမကြီးများကို ဂါရဝပြုပူဇော်ရင်း တို့အားလုံး အတူတကွပြန်လည်ဆုံစည်းတဲ့ပွဲလေး ကျင်းပလိုက်ကြရအောင်-

အချိန် - နံနက် ၉ နာရီ
နေရာ - ရန်ကင်းခန်းမ၊ သမဝါယမကောလိပ်၊ မန္တလေး။

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ။

အလှူငွေထည့်ဝင်ကြရန်နှင့် ဆက်သွယ်ကြပါရန်

သမဝါယမကောလိပ် မန္တလေး ဖုန်း-၀၂-၅၇၁၉၆
မျိုးမောင်မောင်လှိုင် ဖုန်း-၀၂-၅၇၆၀၄၊
၀၂-၅၇၁၇၄၊ ၀၉-၉၁၀၀၅၂၄၄၊
ဇင်မမဦး ဖုန်း-၀၉-၅၄၀၆၅၃၃၊
အောင်ဆန်းလင်း ဖုန်း-၀၉-၄၉၂၆၄၀၃၁၊
ဇော်ဝင်း ဖုန်း-၀၉-၉၁၀၁၀၂၆၇၊
ဇာဇာထွန်း ဖုန်း-၀၉-၉၁၀၃၈၁၈၂၊
သဉ္ဇာခိုင် ဖုန်း-၀၉-၉၁၀၄၂၀၆၅၊
ထားထားလှိုင် ဖုန်း-၀၉-၉၁၀၂၂၃၁၀၊
ဝတ်ရည်လွင် ဖုန်း-၀၉-၉၁၀၃၄၇၉၄၊
နေရည်နိုင် ဖုန်း-၀၂-၅၇၆၆၃၊
ပြည့်ဖြိုးဇော် ဖုန်း-၀၉-၆၈၀၄၇၇၉၊
စိုးမင်းဝင်း ဖုန်း-၀၉-၉၁၀၂၅၄၂၇၊
ဇင်မွန်အောင် ဖုန်း-၀၉-၉၁၀၀၆၉၃၆၊
မင်းသိန်း ဖုန်း-၀၉-၉၁၀၃၈၆၂၅၊
လင်းသက်ပိုင် ဖုန်း-၀၉-၄၃၀၅၈၆၁၂၊
အောင်သူရထူး ဖုန်း-၀၉-၂၀၁၈၇၉၁။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဂ/၉၈၈၁ Mitsubishi L300 M/B(4x2) ယာဉ်လက်ဝယ်ရှိသူ သာရေးနာရေး လူမှုရေးအသင်း (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(ခရိုင်ရုံး)၊ကျောက်မဲ။**

မောင်ထွန်းထွန်းဝင်း ၁၂/သကတ(နိုင်)၁၅၈၈၇၄နှင့်သက်ဆိုင်သူများသိစေရန်

အသိပေးတားမြစ်ခြင်း

မညိုမီမီထွန်း ၁၂/သကတ(နိုင်)၁၅၈၃၁၄၏ညွှန်ကြားချက်အရ မောင်ထွန်းထွန်းဝင်းနှင့်သက်ဆိုင်သူ အများသိစေရန် အသိပေးတားမြစ်အပ်သည်မှာ-

၁။ ကျွန်ုပ်အမှုသည်မညိုမီမီထွန်းနှင့် မောင်ထွန်းထွန်းဝင်းတို့သည် ၂၄-၁-၂၀၀၉ရက်တွင် မလေးရှားနိုင်ငံရှိ အောင်ချမ်းသာဘုန်းကြီးကျောင်းတွင် မင်္ဂလာဦးဆွမ်းကျွေး၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီးဖြစ်၍ တစ်နှစ်သားအရွယ်မောင်ချစ်ပြည့် ထွန်းကားခဲ့ကြောင်း၊ လင်မယားနှစ်ဦးပိုင်ပစ္စည်းများအဖြစ်-

(က) အမှတ်(၁၃/ခ)၊ ယုဇနလမ်း၊ (၇)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ အိမ်မြေနှင့်ပစ္စည်းများ။

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာရှိ ခြံမြေဧက၂၀။

(ဂ) Sunny Super Saloon (အဖြူ) Taxi ပ/၅၁၈၂ကားတစ်စီးဖြစ်ထွန်းခဲ့ကြောင်း၊ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့ကြပြီးနောက် ရန်ကုန်အနောက်ပိုင်းခရိုင် ဒုတိယခရိုင်တရားသူကြီးရှေ့မှောက်၌ ၂၆-၄-၂၀၁၁ရက်တွင် ထိမ်းမြားမင်္ဂလာပြုလုပ်ခဲ့ကြောင်း၊ ညွှန်ကြားချက်အရနှင့် အထောက်အထားများအရ သိရှိခဲ့ရပါသည်။

၂။ မောင်ထွန်းထွန်းဝင်းသည် မညိုမီမီထွန်းနှင့် သာကေတမြို့နယ်၊ ယုဇနလမ်းနေအိမ်တွင် အတူတကွပေါင်းသင်းနေထိုင်လာရာမှ ၁၅-၅-၂၀၁၁ရက်တွင် ဇနီးမညိုမီမီထွန်းနှင့်သားဖြစ်သူတို့ကိုစွန့်ပစ်၍ လင်မယားနှစ်ဦးပိုင်ပစ္စည်းများ၏ စာရွက် စာတမ်းများနှင့် Taxi ကားကိုယူဆောင်၍ နေအိမ်မှ ဆင်းသွားခဲ့ကြောင်း ညွှန်ကြားချက်အရသိရှိခဲ့ရပါသည်။

၃။ အထက်ဖော်ပြပါပစ္စည်းများသည် မောင်ထွန်းထွန်းဝင်းနှင့် မညိုမီမီထွန်းတို့လင်မယားနှစ်ဦးပိုင်ပစ္စည်းများဖြစ်၍ မညိုမီမီထွန်းမသိရှိဘဲ မောင်ထွန်းထွန်းဝင်းတစ်ဦးတည်း၏သဘောဆန္ဒဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းများမပြုလုပ်ရန် အလေးအနက်အသိပေးတားမြစ်ကြောင်း ကြေညာသိစေအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးချစ်ကိုကို
LL.B, H.G.P, Dip in Business Law
Dip in Applied Psychology, Dip in Maritime Law WIPO (Switzerland)
တရားလွှတ်တော်ချုပ်ရှေ့နေကြီးနှင့် စီးပွားရေးလုပ်ငန်းဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ်
အမှတ် ၆၀၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၂၉၂၄။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
သတင်းကြေညာချက်

နေပြည်တော်။ ၁၃၇၃ခုနှစ် တန်ခူးလပြည့်ကျော် ၆ရက်
၂၀၁၁ခုနှစ် မေ ၈ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲကို နေပြည်တော်မဏိရတနာကျောက်စိမ်းခန်းမ၌ ၂၀၁၁ခုနှစ် ဇူလိုင်လတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၂၀၁၁ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် တင်ပြရောင်းချမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၁ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲသို့ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၁၁ခုနှစ် မေ ၁၄ရက်မှ ဇွန် ၁၃ရက်အထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ၂၀၁၁ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရန်ကုန်ရုံးခွဲ)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်၊ မိုင်းရှူး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုးညှင်း)မြို့များတွင် အခြေပြုသည့် ကျောက်စိမ်း၊ ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ။

ဩဝါဒခံယူပွဲနှင့်စာအောင်ဆုနှင်းသဘင်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် အဘိဓမ္မာ သင်တန်းကြီးကြပ်ရေးအဖွဲ့၊ ဩဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းသဘင်ကို ၂၀၁၁ ခုနှစ် ဇွန် ၂၈ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် အဘိဓမ္မာသင်တန်းသားများတက်ရောက်ပြီး ၂၀၁၀ ခုနှစ်အတွင်း ကျင်းပခဲ့သော အဘိဓမ္မာဋီကာကျော်၊ ဝိသုဒ္ဓိမဂ်နှင့် မဟာသရဏဂုံစာမေးပွဲများ၌ အောင်မြင်သူများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အဘိဓမ္မာသင်တန်းကြီးကြပ်ရေးအဖွဲ့။

မီးသင့်ဖယောင်းပျက်ရောင်းချရန်ကြော်ငြာ

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တွင် မီးသင့်ဖယောင်းပျက်ပိဿာ ၈၀၀၀ ကျော်အား တင်ဒါစနစ်ဖြင့် ရောင်းချရန်ရှိပါသည်။ ဝယ်ယူလိုသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ်၅၀၀၀ နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ဌာန၌ ဝယ်ယူ၍ ၈-၆-၂၀၁၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၀၀ နာရီနောက်ဆုံးထား၍ ဈေးပြိုင်တင်ဒါတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ရေးဌာနတွင် စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၃/က၊ လူနေရပ်ကွက်အမှတ်-မြင်သာစုပေါင်း၊ မြေကွက်အမှတ်၁၉၊ အကျယ်အဝန်း ၀ဒသမ၀၄၀၈ဧကရှိ နှစ်၆၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်၁၈၈/၂၊ မြင်သာ ၁၁လမ်း၊ (၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အိမ်အပါအဝင်အကျိုးခံစားခွင့်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကိုကို ၁၄/မအန(နိုင်)၀၁၄၄၉၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။အထက်ဖော်ပြပါ မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်တို့ ရောင်းဝယ်မှုအပေါ် ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက အထက်ဖော်ပြပါ မြေကွက်နှင့်အကျိုး ခံစားခွင့်တို့အား တရားဝင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မောင်ဆွေ
တရားရုံးချုပ်ရှေ့နေ(စဉ်-၇၀၅၂)
အခန်းအမှတ်၀၂/၁၂၊ ပထမထပ်၊ အာရှပလာဇာ၊
ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၀၄၇၇၅၊ ၀၉-၇၃၀၃၃၀၅၈၊ ၀၁-၄၃၀၈၅၀။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဓာတ်အားပေးစက်ရုံများအတွက် အောက်ဖော်ပြပါပစ္စည်းများကို နေပြည်တော် ပေါင်းလောင်း ဂိုဒေါင်အရောက် တန်ဖိုး မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

ပစ္စည်းအမျိုးအမည်	အရေအတွက်
Turbine Oil	730 Drums
Compressor Oil	38 Drums
Engine Oil	30 Drums
Gear Oil	60 Drums
Transformer Oil	15 Drums
Grease	22 Drums

၂။ ချိပ်ပိတ်တင်ဒါပိတ်ရက်မှာ ၂၀၁၁ ခုနှစ် ဇွန် ၁၆ ရက် မွန်းတည့် ၁၂ နာရီဖြစ်ပါသည်။

၃။ ချိပ်ပိတ်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် ၃၈၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၁၆၈၊ ၄၁၁၀၇၆။

(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အောင်ဆန်းဆရာတော် ပြည်ပသာသနာပြုခရီး

ကြွချီတော်မူခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းမိုးကုတ်ရိပ်သာအဖွဲ့ခွဲ(၇၇) တောရတပ်ဦးကျောင်းတိုက်၏ ပဓာနနာယက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယက ပြည်တွင်းပြည်ပသာသနာပြု (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရထေရ်ရှင်မြတ်သည် ကပ္ပိယကာရကဦးစိုးအောင်နှင့် ဦးမျိုးမင်းအောင်တို့လိုက်ပါလျက် စင်ကာပူနိုင်ငံသို့ ၂၄-၅-၂၀၁၁ရက် နံနက်တွင် လေကြောင်းခရီးဖြင့် သာသနာပြုခရီးကြွချီတော်မူပြီး ၂၅-၅-၂၀၁၁ ရက်မှစတင်၍ **Changi Point** နှင့် **No. 45, Corporation Rise, Lake Side Singapore 618359**တို့တွင် ပဋိစ္စသမုပ္ပါဒ်ဝိပဿနာတရားတော်များကို ဟောကြားပြသတော်မူမည်ဖြစ်ကြောင်းနှင့် တရားတော်များကိုကြွရောက် နာယူနိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

အကျိုးဆောင်အဖွဲ့
မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇)
အောင်ဆန်းမြို့၊ အင်းစိန်မြို့နယ်။

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ညောင်တန်းအိမ်ရာ၊ တိုက်အမှတ်(၆)၊ အခန်းအမှတ် ၆၀၈အား ဒေါ်ဝါဝါခိုင် ၁၂/မဂဒ(နိုင်)၀၁၁၂၈၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည် ဖြစ်ပါ၍ မည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း တရားဝင်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထိန်လင်းဦး (LL.B)
တရားရုံးချုပ်ရှေ့နေ (၆၃၆၁)
အခန်းအမှတ် ၃၀၄၊ အမှတ် ၅၆၇၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၈၀၂၃၉၃၅။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော် လယ်ဝေးမြို့နယ် ညောင်မုတ်ဆိတ်ရွာနေ ဦးစန်းယု-ဒေါ်ကြည်ဆင့်တို့၏သမီး မမိုးသီတာစန်း ၉/လဝန(နိုင်)၂၀၈၈၁၅သည် မိဘ၊ မောင်၊ ညီမများအား စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ **ဖခင်-ဦးစန်းယု ၉/လဝန(နိုင်)၀၀၁၉၄၄၊ မိခင်-ဒေါ်ကြည်ဆင့် ၉/လဝန(နိုင်)၀၀၁၈၅၅။**

အမွေခံသားအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့၊ ပြည်သူ့ဆေးရုံဝန်ထမ်းအိမ်ရာအတွင်း နေထိုင်သူ ဒေါ်အီမွန်း ၁၃/မပတ(လ)၀၀၂၅၆၀၏သား မောင်အောင်ဇော်လတ်(ခ) ဇော်လတ် ၁၃/ကတန(နိုင်)၁၀၆၂၉၂သည် မိခင်၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိသားစုအားအကြိမ်ကြိမ် စိတ်မချမ်းမြေ့အောင်ပြုလုပ်ပါသဖြင့် မိခင်၏အမွေကို ခံစားထိုက်သူမဟုတ်ပါ၍ ကြေညာသည့်ရက်မှစ၍ မိခင်ဒေါ်အီမွန်း၏ အမွေခံသားအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို ဒေါ်အီမွန်းနှင့် မိသားစုများမှ တာဝန်ယူမည်မဟုတ်ပါ။

ဒေါ်အီမွန်း ၁၃/မပတ(လ)၀၀၂၅၆၀။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အမေရိကန်၌ လေဆင်နှာမောင်းတိုက်ခတ်ပြန် ၁၃ ဦးသေဆုံးပြီး ၆၀ ကျော်ဒဏ်ရာရ

အမေရိကန်နိုင်ငံဟာ သဘာဝဘေးဒဏ်တွေနဲ့ ပြေးမလွတ်တဲ့နိုင်ငံလို့ ဆိုရမလားပါပဲ။ နွေမိုးဆောင်း မရိုးရအောင်ပဲ ရေဘေး၊ လေဘေး ပြီးတော့ နှင်းမုန်တိုင်းစတာတွေနဲ့ ဇယ်ဆက်သလို ရင်ဆိုင်နေရတာ ကမ္ဘာသူ ကမ္ဘာသားတွေ အသိဆုံးပါပဲ။ ဟော····လာပြန်ပါပြီ။ တိုနာဒိုလို့ခေါ်တဲ့ လေဆင်နှာမောင်း····၊ မေ ၂၄ ရက် (အင်္ဂါနေ့)က အမေရိကန်မှာ မွှေနှောက်သွားခဲ့ပြန်ပါပြီ။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ (မေ ၂၂ ရက်)ကပဲ မွှေနှောက်တိုက်ခတ်သွားပါသေးတယ်။ အဲဒီတုန်းက သေတဲ့လူတွေကလဲ မနည်းပါဘူး။ နောက်ဆုံးရရှိတဲ့ စာရင်းအရ သေဆုံးသူ ၁၂၃ ဦးနဲ့ ဒဏ်ရာရသူ ၇၅၀ ကျော်ရှိပြီး ပျောက်ဆုံးနေတဲ့သူတွေလည်း ရှိသေးတယ်လို့ ဒေသဆိုင်ရာအာဏာပိုင်တွေက ပြောပါတယ်။ *စာမျက်နှာ ၅ ကော်လံ ၁* ●

မောင်မောင်မြင့်ဆွေ
ရေးသားသည်

အမေရိကန်နိုင်ငံ အိုကလာဟိုးမားမြို့သို့ လေဆင်နှာမောင်း ဦးတည်ဝင်ရောက်စဉ်။

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ပေါ်တိုအသင်းနည်းပြဟောင်း ဗော်ရင်ဟိုထက် လက်ရှိနည်းပြ ဗီလက်စ်ဘိုအက်စ်က ပိုထူးချွန်။
(စာ - ၁၁)

ပင်မတံတားအရှည် ၃၂၀၅ ပေရှိ ရွှေဝတီတံတား(စင်းခန်း) ရွှေဝတီ ဒုတိယမြစ်ကျဉ်းအထက်၌ တည်ဆောက်လျက်ရှိ
(စာ - ၆)

ပေါ့ပ်အဆိုတော် အဒီလီ၏ တေးအယ်လ်ဘမ်များ ရောင်းအားအကောင်းဆုံးဖြစ်။
(စာ - ၁၁)

ပေါ့ပ်အဆိုတော်လေး ဂျပ်စတင်းဘီဘာ နှင့် အဆိုတော် ဆီလီနာဂိုမက်ဇ် တို့၏ အချစ်ဇာတ်လမ်း။
(စာ - ၁၁)